# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်၊ သောကြာနေ့။ Friday, 2 January 2026 ၁၂၀၅၀


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲနှင့် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီမှ စတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃) နှင့် (၄)တို့၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲ ပွဲစဉ်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ



### ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော် ကျင်းပ

စာမျက်နှာ » ၇

### စမတ်ဖုန်းတစ်လုံးဖြင့် ဘာသာစကားသင်ယူခြင်း- ခေတ်မီသင်ယူမှုအနုပညာ

ဆောင်းပါး စာမျက်နှာ » ၆

### မန္တလေးတိုင်းဒေသကြီး၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

စာမျက်နှာ » ၁၀

### နှစ်သစ်မင်္ဂလာ ပျော်ရွှင်ပေါ့ပါး မီးရထားဖြင့် ခရီးသွား

သတင်းဆောင်းပါး စာမျက်နှာ » ၅



ကြေးမုံ

# သံသရာဝဋ်ဆင်းရဲမှလွတ်ကင်းအောင် မှန်ကန်သောအကျင့်မြတ်ကျင့်သုံး

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ပြာသိုလပြည့်နေ့ဖြစ်သည်။ မြန်မာတို့၏ ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ ရက်မြတ်အခါလပြည့်နေ့တိုင်းတွင် ထူးမြတ်သည့် အကြောင်းအရာတစ်မျိုးစီရှိသည်။ ပြာသိုလပြည့်နေ့မှာမူ အခြားလများနှင့်မတူ လူသားအားလုံး သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းစေနိုင်သည့် မြတ်ဗုဒ္ဓ၏ အဆုံးအမတရားကို ဖော်ညွှန်းထားသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ဤပြာသိုလပြည့်နေ့တွင် မှန်ကန်သောအကျင့်မြတ်တရားကို ကျင့်သုံးသင့်ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ခန့်က နေရဥ္စရာမြစ်ကမ်းနံဘေး ဥရုဝေလတောအုပ်တွင် နေထိုင်ကြသော ဥရုဝေလကဿပ၊ နဒီကဿပနှင့် ဂယာကဿပတို့ ဦးဆောင်သည့် ဇဋိလ်ရဟန်း တစ်ထောင်တို့ကို မြတ်စွာဘုရားရှင်က အာဒိတ္တပရိယာယသုတ်တော်ကို ပြာသိုလပြည့်နေ့တွင် ဟောကြားတော်မူရာ ရဟန်းတစ်ထောင်တို့သည် ရဟန္တာဖြစ်ကြသဖြင့် ထူးမြတ်သည့်လပြည့်နေ့ဟု သတ်မှတ်ထားသည်။ ဥရုဝေလတောတွင် တရားကျင့်နေကြသည့် ဘိက္ခုများအား မြတ်စွာဘုရားရှင်က "ဥရုဝေလကဿပ သင်သည် အာသဝေါကုန်ခန်းသည့် ရဟန္တာမဖြစ်သေးပါ၊ သင်သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရကြောင်းဖြစ်သည့် မှန်ကန်သောအကျင့်မြတ်ကို သိလည်းမသိ၊ ကျင့်သုံးခြင်းလည်းမရှိသေး"ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမစကားကို ကြားရသောအခါ ဇ္ဈာန်ရင့်ကျက်ကြပြီးဖြစ်သည့် ဥရုဝေလကဿပနှင့် တပည့်ရဟန်းငါးရာတို့သည် မိမိတို့၏အမှားကို ဖွင့်ဟဝန်ခံပြီး ကန်တော့ကြသည်။ မြတ်စွာဘုရားရှင်က ပဋိစ္စသမုပ္ပာဒ်၏ ပဋိလောမနည်းဖြင့် အာဒိတ္တပရိယာယသုတ်တော်ကို ဟောတော်မူသည်။ ရဟန်းတို့သည် ပေါင်းဆုံမှုဖဿဖြစ်လာသည်။ ဖဿကြောင့် ခံစားမှုဝေဒနာဖြစ်လာသည်။ ဝေဒနာသည် သာယာဖွယ်ဖြစ်လျှင် တဏှာဖြစ်လာသည်။ ဝေဒနာကိုမနှစ်သက်ပါက ဒေါသဖြစ်လာသည်။ သာယာဖွယ်/မသာယာဖွယ်ကို မဝေခွဲတတ်အောင် တွေဝေပါက မောဟဖြစ်လာသည်။ မဖြစ်ချင်လည်းမရ အကြောင်းပြည့်စုံလျှင် ဆိုင်ရာစိတ်တို့ဖြစ်ပေါ်သည်။ မရင့်ရော်ချင်၍မရ အကြောင်းပြည့်စုံလျှင် ရင့်ရော်လာသည်။ မပျက်စီးချင်၍မရ ပျက်စီးရမည်သာဖြစ်သည်။ ဖြစ်ခြင်းသည် ဇာတိ၊ ရင့်ရော်ခြင်းသည် ဇရာ၊ ပျက်စီးခြင်းသည် မရဏဖြစ်သည်။

ဤသို့ဖြင့် နှလုံးသွင်းမှုကိုအကြောင်းပြု၍ ဆိုင်ရာအသိစိတ်ခြောက်ပါး ဖြစ်ပေါ်လာရသည်။ အာရုံနှင့် သိစိတ်ပေါင်းစုံမှု ဖဿဖြစ်လာသည်။ ဖဿကြောင့် ဝေဒနာဖြစ်လာသည်။ သာယာသော လောဘမီး၊ မသာယာသော ဒေါသမီး၊ တွေဝေသော မောဟမီးလောင်မြိုက်သည်။ ဖဿကြောင့် ဇာတိမီး၊ ဇရာမီး၊ မရဏမီးဟူသော မီးသုံးပါးကလည်း လောင်မြိုက်ပြန်သည်။ အဆိုပါ မီးခြောက်ပါးကို အကြောင်းပြု၍ စိုးရိမ်မှု သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ဆင်းရဲမှု ဒုက္ခ၊ နှလုံးမကြည်သာမှု ဒေါမနဿနှင့် ပူဆွေးမှု ဥပါယာသစသည့် မီးငါးပါးလောင်မြိုက်လာသည်။ အဆိုပါ မီးတစ်ဆယ့်တစ်ပါးတို့သည် ဘဝတစ်ခု၏ အမည်သာဖြစ်သည်။ မီးတစ်ဆယ့်တစ်ပါးကို ငြိမ်းသတ်လိုပါက ဘဝမဖြစ်အောင် လုပ်ရမည်။ ဘဝမဖြစ်လျှင် ဇာတိမဖြစ်၊ ဇာတိမဖြစ်လျှင် ဇရာမဖြစ်နိုင်၊ ဇရာမဖြစ်လျှင် မရဏမဖြစ်နိုင်ပေ။

ထိုသို့ ဘဝသစ်တစ်ဖန် မဖြစ်ပေါ်စေရန် ပဋိစ္စသမုပ္ပာဒ်၏ ပဋိလောမနည်းဖြင့် အာဒိတ္တပရိယာယသုတ်တော်ကို မြတ်စွာဘုရားရှင်က အပြည့်အစုံဟောကြားတော်မူသောအခါ ဇဋိလ်ရဟန်း တစ်ထောင်တို့သည် အာသဝေါကင်း၍ ရဟန္တာဖြစ်လာကြသည်။ ပြာသိုလပြည့်နေ့တွင် အာဒိတ္တပရိယာယသုတ်တော်ကို နာယူပြီး ရဟန္တာတစ်ထောင်ဖြစ်လာကြသည်ကို အကြောင်းပြု၍ "ပြာသိုလပြည့် ရှင်တစ်ထောင်နေ့"ဟုပင် သတ်မှတ်ခဲ့ကြသည်။ သို့သော် အဆိုပါ နေ့ထူးရက်မြတ်နေ့ကို အစဉ်အလာအရ သာသနာ့သူတော်ကောင်းများက ကျင်းပခဲ့သော်လည်း အခြားနေ့ကြီးရက်မြတ်များကဲ့သို့ အရေးတယူအဆင့်သို့ ရောက်မလာသေးသည်ကို တွေ့ရသည်။ အမှန်တကယ်တွင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းတရားအကျင့်မြတ်သည် အမြင့်ဆုံးတရား၊ အမြင့်ဆုံးအကျင့်ဖြစ်သည်။ ပြာသိုလပြည့်နေ့ထူးရက်မြတ်ကို အကြောင်းပြု၍ ဒုက္ခဆင်းရဲမှ လွတ်မြောက်လိုကြသူအမျိုးကောင်းသားတို့သည် ပဋိစ္စသမုပ္ပာဒ် အကျင့်မြတ်တရားကို ကျင့်သုံးသင့်သည်။

သို့ဖြစ်ရာ ခန္ဓာရလာသရွေ့ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲခြင်းဒုက္ခများကို မည်သူမျှ မလွတ်နိုင်ကြပေ။ လူဖြစ်လာသည်နှင့် လောဘ၊ ဒေါသ၊ မောဟများ မည်သူမျှ မလွတ်နိုင်ကြပေ။ တစ်ခဏချမ်းသာခြင်းကို အလိုရှိကြသရွေ့ ဒုက္ခဆင်းရဲအမျိုးမျိုးကို မဖြစ်ချင်ဘဲ မလွဲမသွေဖြစ်ကြရမည်ဖြစ်ရာ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လုံးဝချုပ်ငြိမ်းလွတ်ကင်းစေရန်အတွက် အကျင့်မြတ်ကောင်းကို တတ်နိုင်သမျှ စတင်ကျင့်သုံးသင့်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |


## ပုသိမ်မြို့နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဌာနမှ တာဝန်ယူ ဆောင်ရွက်သော ရွှေမြင်တင်ကျောင်းလမ်း ကတ္တရာခင်းခြင်း (၀/၅.၅မိုင် x ၁၂ပေ x ၉လက်မ) လုပ်ငန်းအား တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ရွှေမြင်တင် ကျောင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၂၁ ရွာရှိ လူဦးရေ ၂၅၂၁၀ တို့အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မေချို**

## ၁ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းများအားလုံး အတူတကွ ရင်းနှီးစွာတွေ့ဆုံခြင်း၊ မိတ်ဆုံစားခြင်းအားဖြင့် အချင်းချင်း အထက်အောက်မခွဲခြားဘဲ ချစ်ခင်ရင်းနှီးမှုကိုရရှိစေပြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ဖိစီးနေသည့် စိတ်တင်းကျပ်မှုများကိုလည်း ပြေလျော့စေမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးချိန်တွင် ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ထမ်းဆောင်ရင်း ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များနှင့် ဌာန၏လုပ်ငန်းတာဝန်များ၊ မိသားစုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအား ကံစမ်းမဲများ ဖွင့်ဖောက်ပေးအပ်နေမှု အခြေအနေတို့ကို အားပေးကြည့်ရှု၍ ဆုလက်ဆောင်များ ပေးအပ်ပြီး ဝန်ထမ်းများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ **ရှေ့ဖုံးမှ**



လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၃၉ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို အမှတ် ၄၀ - ၂ မှတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ၁၈ မှတ် - ၄ မှတ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို ၃၃ မှတ် - ၃ မှတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာန အသင်းကို ၁၆ မှတ်ပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာန အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အသင်းကဥပဒေရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တရားလွှတ်တော်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

**ဆက်လက်ယှဉ်ပြိုင်မည်**

ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ နံနက် ၈ နာရီမှ စတင်ကာ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ စီမံဆောင်ရွက်ပေးရန် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ နမ့်လတ်ဥယျာဉ်ခြံသို့ သွားရောက်ပြီး ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနခြံမှ ထုတ်လုပ်ပေးလိုက်သည့် သီးနှံပျိုးပင်များ၊ မျိုးများ၏ သက်တမ်းအလိုက် ရာသီအလိုက် အသီးထွက်ရှိမှုနှင့် စားသုံးမှုအရည်အသွေးအပေါ် နည်းပညာအရ အာမခံချက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စတင်စိုက်ပျိုးသည်မှ သီးနှံစတင်ဆွတ်ခူးနိုင်သည်အထိ ပြုစုရမည့် နည်းပညာများ၊ စီးပွားဖြစ် ဆွတ်ခူးထုတ်လုပ်သည်မှ ကာလအလိုက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ အရင်းကျေကာလနှင့် စီးပွားဖြစ်ထုတ်လုပ်မှု သက်တမ်းအား တောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် စနစ်တကျ ရှင်းလင်းတင်ပြနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်လတ်ဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသော သီးနှံပင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရပ်စောက်မြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ Unique Lawksawk Mango Public Co., Ltd. ၏ သရက်သီးသန့်စင်ထုပ်ပိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ ကုမ္ပဏီ၏ ဒါရိုက်တာနှင့်မြို့နယ်သရက်သီးအသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသတွင်း တောင်သူများအားလုံး ညီညွတ်စွာ ပါဝင်ဆောင်ရွက်မှု၊ လုပ်ငန်းဆိုင်ရာဖြည့်ဆည်းပေးရန်အချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ သရက်သီးစိုက်တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သရက်သီးအပြင် အခြားဈေးကွက်ဝင်သီးနှံများကိုပါ အဆင့်မီထုပ်ပိုးဈေးကွက်တိုးချဲ့ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားလိုအပ်ချက် ပြည့်ဝဖူလုံပိုလျှံစေရေးနှင့် မွေးမြူရေးနှင့် ရေထွက်ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားလိုအပ်ချက်ပြည့်ဝဖူလုံပိုလျှံစေရေးနှင့် မွေးမြူရေးနှင့် ရေထွက်ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်ရှိ တိုက်ကြီးမွေးမြူရေးဇုန်သို့ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။



ဦးစွာ ဇုန်တာဝန်ရှိသူများက တိုက်ကြီးမွေးမြူရေးဇုန်အတွင်း ဇုန်အပိုင်းလိုက် မွေးမြူရေးလုပ်ငန်းရှင် ၄၉ ဦး၏ လုပ်ငန်းဖော်ဆောင်ဆောင်ရွက်ထားရှိမှု၊ အသား၊ ငါး၊ ဥနှင့်နို့များ ထုတ်လုပ်နေမှု၊ ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်အစာပင်များစိုက်ပျိုးထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး၏ အသား၊ ငါးလိုအပ်ချက်နှင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံစေရေး၊ အာဟာရပြည့်ဝသော မွေးမြူရေးထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင် များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း အသားတိုးကြက် မွေးမြူလုပ်ကိုင်နေမှု၊ တိရစ္ဆာန်အစာပင် ၃၅ ဧက စိုက်ပျိုးထားရှိမှု၊ အသားတိုးဝက်မွေးမြူရန် အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ ဆိတ်နှင့်သိုး မွေးမြူထားရှိမှု၊ ဥစားဘဲမွေးမြူထားရှိမှုနှင့် ဒေသနွားမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ဇီဝလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြင့်မြတ်ဟိန်းကုမ္ပဏီလီမိတက် (အအေးခန်းစက်ရုံ) ၏ ငါး၊ ပုစွန်ပြုပြင်အေးခဲမှုလုပ်ငန်း၊ ရတနာသိင်္ဂီစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံများမှ ဥရောပနှင့် အာရှနိုင်ငံများသို့ နှစ်အလိုက် ရေချို၊ ရေငန်ငါးများ အေးခဲတင်ပို့နေမှုအခြေအနေများ၊ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ပေးထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ၏ အရည်အချင်းမြှင့်တင်ရေးအတွက် ဌာနမှ ဖွင့်လှစ်ပေးသော သင်တန်းများသို့ တက်ရောက်လေ့လာနိုင်ရေး၊ လုပ်ငန်းသုံး စက်ပစ္စည်းများ၏ အရည်အသွေးများကို စဉ်ဆက်မပြတ် စစ်ဆေး၍ လိုအပ်ပါက ပြုပြင်ထိန်းသိမ်း အစားထိုးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက လမုတန်းလေးကျေးရွာ၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း သစ်တောများကပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hot-spotsများ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများမပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ သစ်တောများ ထိန်းသိမ်းရေးအကြောင်းနှင့် သစ်တောမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းတို့ကို တက်ရောက်လာကြသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ မြို့နယ်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဟိုပုံးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုအမှုဆောင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြပြီး သမဝါယမကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။



ဆက်လက်ပြီး ဟိုပုံးမြို့နယ် ကျောက်တန်းစံပြ ကျေးရွာရှိ “ကျောက်တန်း” စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမအသင်းလီမိတက်ရှိ အသင်းသားများက ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ၅ဝ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် Daedong ထွန်စက် သုံးစီးဝယ်ယူ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ထားမှုကို ကွင်းဆင်းကြည့်ရှု၍ အသင်းက လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# နှစ်သစ်မင်္ဂလာ ပျော်ရွှင်ပေါ့ပါး မီးရထားဖြင့် ခရီးသွား

**သစ္စာ(MNA)**

နှစ်သစ်ကူးအခါသမယ ဆောင်းနံနက်ခင်းသည် အေးမြနေသော်လည်း နေရောင်ခြည်နွေးနွေးက လွှမ်းခြုံထားသည်။ အေးမြမှု၊ နွေးထွေးမှု ရောယှက်ထားသည့် နေ့တစ်နေ့အစနှင့်အတူ ရန်ကုန်-ပြည် အဆန် အထူးလေအိတ်ရထားကြီးသည် တာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်နေပြီး ဘူတာကြီး၏ အမှတ်(၁)စင်္ကြံပလက်ဖောင်း၌ ခရီးသွားများက ရထားထွက်ချိန်ကို အဆင့်သင့်စောင့်ဆိုင်းနေရာယူလျက်ရှိကြသည်။ ၂၀၂၆ ခုနှစ်၏ အဦးအစ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ လေးရက်တာသည် အများပြည်သူ နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့်အတွက် ဘူတာကြီးတွင် ခရီးသွားပြည်သူများက အပြည့်။

ရထားကြီးနှင့်အတူ လိုက်ပါမည့် ခရီးသည်များကို မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြရင်းဖြင့် ရန်ကုန်ဘူတာကြီး နံနက်ခင်းသည် ပို၍သက်ဝင်လှုပ်ရှားနေပြီး မီးရထားဝန်ထမ်းများက ရထားစီးခရီးသွားပြည်သူများကို ခရီးဦးကြိုပြု ဝန်ဆောင်မှုပေးကြကာ ရထားစီးပြည်သူများကို ရထားတွဲဆိုင်းများသို့ ညွှန်ပြပို့ဆောင်ပေးခြင်း၊ လက်မှတ်စစ်ဆေးပေးခြင်း၊ ထွက်ခွာချိန်နှင့် ခရီးစဉ်ကို ကြေညာပေးခြင်း စသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

ရထားစီး ခရီးသွားပြည်သူများအတွက် နွေးထွေးပျူငှာသော ဝန်ဆောင်မှုကို ပေးနိုင်ရန် ကြိုးပမ်းမှုအတူ အဆင့်မြှင့်ထားသော မြန်မာ့မီးရထား၏ ရထားလမ်းပိုင်းများ၊ ရထားတွဲဆိုင်းများကို ပြည်သူများက မှတ်မှတ်ထင်ထင် အသိအမှတ်ပြုကြသည်။ အေးအေးငြိမ့်ငြိမ့် သာသာယာယာ ရထားစီးရင်း အပန်းဖြေခရီးထွက်ခြင်းက ပြည်သူအကြိုက် ခရီးသွားပုံစံတစ်မျိုး ဖြစ်လာသည်။

“သမီးက Grade-12 ကျောင်းသူတစ်ဦးပါ။ ရထား မစီးဖူးဘူး။ ပြည်ကိုသွားတိုင်း မှန်လုံယာဉ်နဲ့ပဲ ခရီးသွားဖူးတာ။ လူငယ်တစ်ယောက်အတွက် ရထားစီးပြီး ခရီးသွားအတွေ့အကြုံတစ်ခု ရချင်တယ်။ ခရီးသွားခြင်းဟာ အသိဉာဏ်ပွင့်လန်းမှုကို အထောက်အကူပေးတယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ရထားကြီးစီးပြီး အေးအေးချမ်းချမ်းနဲ့ ပြည်ကိုသွားရတဲ့ အတွေ့အကြုံက ဘဝရဲ့ အမှတ်တရတစ်ခု ဖြစ်လာမှာပါ။ ဒီလိုရထားကြီးစီးပြီး ခရီးသွားရတာ၊ ခရီးသွားရင် စာဖတ်ရတာ၊ အပြင်က သဘာဝအလှကို ကြည့်ရှုရမှာက စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ ပြီးတော့ ရထားက သန့်သန့်ရှင်းရှင်းရှိတဲ့အတွက် ပိုပြီးအဆင်ပြေတယ်။ ရထားကြီး မစီးရသေးတဲ့သူ စီးကြည့်ပါလို့ အကြံပြုပါတယ်။ နှစ်သစ်မှာ သမီးလို ခရီးသွားသူအပေါင်း ကိုယ်စိတ်နှလုံး အေးချမ်းပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်” ဟု ပြည်မြို့သို့ ရထားဖြင့် ခရီးသွားရောက်မည့် မချယ်ရီမွှေးက ပြောသည်။



နှစ်သစ်ကူးပိတ်ရက်ရှည်တွင် မြန်မာ့မီးရထားဖြင့် ခရီးသွားကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ - ဖွဲ့မာန်

မြန်မာ့မီးရထားသည် ပုံမှန်ရထားခရီးစဉ်များ ပြေးဆွဲမှုနှင့်အတူ ရက်ရှည်ရုံးပိတ်ရက်များ၌ အထူးရထားများ ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူ ခရီးသွားလာမှုအတွက် ကြိုးပမ်းဝန်ဆောင်မှုပေးလျက်ရှိသည်။

ရထားစီး ခရီးသွားပြည်သူများအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ပုံမှန်အမှတ်(၁) အဆန် စာပို့ရထား၊ အမှတ်(၂)အစုန်စာပို့ရထား၊ အမှတ်(၁၁)အဆန်ရထားနှင့် အမှတ်(၁၂) အစုန်ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၃၁) အဆန်ရထားနှင့် အမှတ်(၃၂) DEMU ရထား၊ အမှတ်(၇)အဆန်နှင့် အမှတ်(၈)အစုန် DEMU ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်ရထားနှင့် အမှတ်(၈၂)အစုန်ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၇၁)အဆန်နှင့် အမှတ်(၇၂) အစုန်ရထားဖြင့်လည်းကောင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်း၌ အမှတ်(၁၃)အဆန်နှင့် အမှတ်(၁၄) အစုန် DEMU ရထားဖြင့်လည်းကောင်း ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထား အမှတ်(၇) တိုင်းမန်နေဂျာ ဦးယဉ်မင်းဦးက ပြောပြသည်။

ထို့အတူ ကြည့်မြင်တိုင်ဘူတာမှ ပြည်မြို့အထိ အမှတ်(၆၃)အဆန်နှင့် အမှတ်(၆၄) အစုန်ရထားကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။

> မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်လာပြီဖြစ်သည်ကို ပြေးဆွဲနေသည့် ရထားတွဲဆိုင်းသစ်များနှင့် စက်ခေါင်းများ၊ လမ်းပိုင်းဆိုင်ရာများ ခေတ်မီတိုးတက်ပြောင်းလဲလာမှုက သက်သေပြုလျက်ရှိသည်။ ယခင်က ရထားလက်မှတ်ကို အထက်တန်းအတွက် သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရသော်လည်း ယခုအခါ MMQR Code ဖြင့် ငွေပေးချေပြီး ပို၍လွယ်ကူစွာဝယ်ယူစီးနင်းနိုင်ပြီဖြစ်

“ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ခရီးသွားများပြားလာမှု အခြေအနေအပေါ်မှာ မူတည်ပြီး ရထားတွဲဆိုင်း တိုးချဲ့ပြေးဆွဲပေးတာလည်းရှိပါတယ်။ ပြီးတော့ ရထားလမ်းပိုင်းတွေ ခေတ်မီကောင်းမွန်လာတာနဲ့အတူ ခေတ်မီစက်ခေါင်းတွေနဲ့ လူစီးတွဲတွေကို အသုံးပြုလာနိုင်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာပိတ်ရက်နဲ့ ခရစ္စမတ်ပိတ်ရက်မှာ ဝန်ထမ်းတွေနဲ့ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေအောင် အထူးရထားပြေးဆွဲပေးခဲ့တာ ရှိပါတယ်။ ဒီဇင်ဘာရုံးပိတ်ရက်မှာ ရန်ကုန်-နေပြည်တော်လမ်းပိုင်းဆိုရင် အထူး DEMU စပိန်ရထား ပြေးဆွဲပေးခဲ့တယ်။ ရန်ကုန်-မန္တလေး လမ်းပိုင်းမှာ DEMU တွဲဆိုင်းတွေ ပြေးဆွဲပေးနိုင်ခြင်းဟာ ရထားမြန်နှုန်းမြင့် ပြေးဆွဲပေးနိုင်တဲ့အပြင် တွဲဆိုင်းတွေက သန့်ရှင်းသပ်ရပ်မှုရှိတဲ့အတွက် ခရီးသွားတွေ ကြိုက်နှစ်သက်ပြီး စီးနင်းမှု ပိုပြီးများလာတာကို တွေ့ရပါတယ်။ အခုလို နိုင်ငံတကာနှစ်သစ်ကူးပိတ်ရက်မှာ ရထားတိုးချဲ့ပြေးဆွဲမှုနဲ့အတူ လေအိတ်တွဲ အထူးရထားတွဲဆိုင်းတွေပြေးဆွဲပြီး ဝန်ဆောင်မှုကောင်းတွေ ပေးထားပါတယ်” ဟု တိုင်းမန်နေဂျာက ရှင်းပြသည်။

မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်လာပြီဖြစ်သည်ကို ပြေးဆွဲနေသည့် ရထားတွဲဆိုင်းသစ်များနှင့် စက်ခေါင်းများ၊ လမ်းပိုင်းဆိုင်ရာများ ခေတ်မီတိုးတက်ပြောင်းလဲလာမှုက သက်သေပြုလျက်ရှိသည်။ ယခင်က ရထားလက်မှတ်ကို အထက်တန်းအတွက် သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရသော်လည်း ယခုအခါ MMQR Code ဖြင့် ငွေပေးချေပြီး ပို၍လွယ်ကူစွာဝယ်ယူ စီးနင်းနိုင်ပြီဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-နေပြည်တော် DEMU ရထားလိုင်းဖြစ်သည့် အမှတ်(၇) အဆန်နှင့် အမှတ်(၈) အစုန်၊ အမှတ်(၃၁)အဆန်နှင့် အမှတ်(၃၂) အစုန်ရထားများအတွက် အွန်လိုင်းဝန်ဆောင်မှု ပေးထားပြီဖြစ်သည့်အတွက် ရထားစီးပြည်သူအများက နှစ်ခြိုက်သဘောကျလျက်ရှိသည်။

“ တခြားပိတ်ရက်တွေမှာ ခရီးသွားရတာထက် နှစ်သစ်ကူးမှာ ခရီးသွားရတာ ပိုပြီးသဘောကျတယ်။ နှစ်သစ်မှာ အကောင်းဆုံး ဘာတွေပြင်ဆင်လုပ်ဆောင်ရမလဲဆိုတာ အေးအေးဆေးဆေး ခရီးသွားရင်း စဉ်းစားပြင်ဆင်ရတာကို သဘောကျတယ်။ ဒီလိုခရီးသွားတဲ့အခါ ကားနဲ့ ခရီးသွားတာက ရိုးသွားပြီ။ ပတ်ဝန်းကျင်အလှအပ၊ မြို့ရွာတွေရဲ့ ပြောင်းလဲတိုးတက်မှုတွေကို ရထားကြီးပေါ်ကနေ အေးအေးဆေးဆေးကြည့်ရတာက အတွေ့အကြုံသစ်ပါ။ ရထားတွေက ခေတ်မီတယ်၊ သန့်ရှင်းတယ်၊ သက်သောင့်သက်သာရှိတယ်။ ရထားစီးရတာ ကောင်းတဲ့အကြောင်း တခြားသူတွေက လူမှုမီဒီယာတွေမှာ ဖော်ပြကြတယ်။ ဒါကြောင့် နောင်လည်း ရထားစီးပြီး ခရီးသွားဖြစ်မှာပါ။ နိုင်ငံသားတစ်ဦးအနေနဲ့ မြန်မာ့မီးရထားရဲ့ တိုးတက်ပြောင်းလဲမှု၊ ကောင်းမွန်တဲ့ဝန်ဆောင်မှုကို ကြည်နူးခံစားမိပါတယ်။ မြန်မာ့မီးရထား ဆက်လက်အောင်မြင်ပါစေလို့ နှစ်သစ်ဆုမွန်ကောင်းစကားပါးလိုက်ပါတယ်” ဟု ရထားစီးပြည်သူ ဒေါ်ပြုံးလဲ့ချိုက ပြောသည်။



နှစ်သစ်ကူးရုံးပိတ်ရက်တွင် မြန်မာ့မီးရထားဖြင့် ခရီးသွားရောက်ကြမည့်သူများကို တွေ့ရစဉ်။
ဓာတ်ပုံ - ဖွဲ့မာန်

ရထားပို့ဆောင်ရေးစနစ်သည် အများပြည်သူ သွားလာရေးအတွက် အဓိကကျပြီး အကျိုးရှိသည့် ပို့ဆောင်ရေးစနစ်ဖြစ်သည်။ ပြည်သူများဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးစနစ် ခေတ်မီဆန်းသစ်လာပြီး ပြည်သူများသို့ ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ကြိုးပမ်းလျက်ရှိပါသည်။ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသော မြန်မာ့မီးရထားအနေဖြင့် တစ်ခေတ်ဆန်းသစ်သော ရထားပို့ဆောင်ရေးစနစ်ဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများကို ဆက်လက်၍ အကျိုးပြုနိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# စမတ်ဖုန်းတစ်လုံးဖြင့် ဘာသာစကားသင်ယူခြင်း – ခေတ်မီသင်ယူမှုအနုပညာ

**ယနေ့ခေတ်မှာ "ဉာဏ်ရည်တု (AI)" လို့ ဆိုလိုက်တာနဲ့ လူအများစုက ကုတ်ရေးတာ၊ ရုံးလုပ်ငန်းသုံး စာစီစာရိုက်တာ၊ ရှုပ်ထွေးတဲ့ နည်းပညာကိစ္စရပ်တွေကိုပဲ ပြေးမြင်တတ်ကြပါတယ်။ တကယ်တော့ သာမန်အသုံးပြုသူတစ်ယောက်အတွက် AI ရဲ့ အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံးအသုံးချမှုက "ဘာသာစကားသင်ယူခြင်း" ဖြစ်ပါတယ်။**

**မောင်မောင်လင်း**

ယနေ့ခေတ်မှာ ဘာသာစကားတစ်ခုကို သင်ယူဖို့အတွက် မိခင်ဘာသာစကားပြောသူ (Native Speaker)တွေရှိရာ ပြည်ပကိုသွားဖို့ ဒါမှမဟုတ် သင်တန်းတွေမှာ အချိန်အများကြီးကုန်ဆုံးဖို့ မလိုအပ်တော့ပါဘူး။ ကိုယ့်အိတ်ကပ်ထဲက စမတ်ဖုန်းတစ်လုံးနဲ့ AI ကိုပေါင်းစပ်ပြီး ခေတ်မီတဲ့ သင်ယူမှုနည်းလမ်းတစ်ခုကို ဖန်တီးနိုင်ပြီဖြစ်ပါတယ်။ အထူးသဖြင့် Duolingo လို အွန်လိုင်းဘာသာစကားသင်ယူမှုအက်ပ်နဲ့ Google Gemini ရဲ့ အဆင့်မြင့်၊ လူသားဆန်တဲ့ တုံ့ပြန်မှုစွမ်းရည်တို့ကို ပေါင်းစပ်လိုက်တဲ့အခါ ဖတ်ရှုမှု (Reading)၊ နားထောင်မှု (Listening)၊ ပြောဆိုမှု (Speaking) နဲ့ ရေးသားမှု (Writing) ဆိုတဲ့ စွမ်းရည်လေးမျိုးကို ပြည့်စုံစွာလေ့ကျင့်ပေးနိုင်တဲ့ စနစ်တစ်ခု ဖြစ်လာပါတယ်။ ဒါမှမဟုတ်ရင်လည်း ဘာသာစကားသင်ကြားပေးသူ (Language Tutor) သို့မဟုတ် စကားပြောလေ့ကျင့်ဖော် (Language Partner) အဖြစ် အသုံးပြုလို့ရပါတယ်။

**စားပွဲတင်ကွန်ပျူတာလား၊ လက်ပ်တော့လား၊ စမတ်ဖုန်းလား**

ဘာသာစကားသင်ယူရာမှာ ကွန်ပျူတာ (Desktop/ Laptop)က မရှိမဖြစ်မဟုတ်တော့ပါဘူး။ လက်ရှိဘာသာစကားသင်ယူမှုအက်ပ်တွေနဲ့ AI နည်းပညာတွေဟာ မိုဘိုင်းဖုန်းကို အခြေခံပြီး တည်ဆောက်ထားတာဖြစ်လို့ ကွန်ပျူတာမှာ မရတဲ့ လုပ်ဆောင်ချက်တွေ စမတ်ဖုန်းမှာ ပိုစုံလင်နေပါတယ်။ ရုတ်တရက်ကြည့်ရင် ကွန်ပျူတာက မျက်နှာပြင်ကျယ်လို့ ပိုကောင်းမယ်ထင်ရပေမယ့် ဘာသာစကားသင်ယူမှုအတွက်ကတော့ စမတ်ဖုန်းကသာ ပိုအဆင်ပြေပါတယ်။ အကြောင်းရင်းကတော့ စမတ်ဖုန်းတွေမှာပါတဲ့ Hardware တွေက AI နဲ့ ပိုပြီးအဆင်ပြေစွာ အလုပ်လုပ်နိုင်လို့ဖြစ်ပါတယ်–

(က) **မိုက်ကရိုဖုန်းနဲ့ အမြဲမပြတ် နားထောင်နိုင်စွမ်း။** ကွန်ပျူတာ Browser တွေမှာ အသံသွင်းဖို့ ခက်ခဲတတ်ပေမယ့် ဖုန်းမှာတော့ သင့်အသံကို အချိန်မရွေးဖမ်းယူနိုင်ပါတယ်။ ဒါကြောင့် AI က သင့်ရဲ့ အသံထွက် (Pronunciation) နဲ့ လေယူလေသိမ်း(Intonation)တွေကို အချိန်နဲ့တစ်ပြေးညီ ပြင်ဆင်ပေးနိုင်ပါတယ်။

(ခ) **ကင်မရာနဲ့ လက်တွေ့မြင်ကွင်းထပ်ဆောင်းနည်းပညာ (Augmented Reality – AR)။** ခေတ်မီအက်ပ်တွေမှာ မိမိပတ်ဝန်းကျင်က ပစ္စည်းတွေကို ဖုန်းကင်မရာနဲ့ ထိုးကြည့်လိုက်တာနဲ့ Google Translate Camera Mode လို ချက်ချင်းဘာသာပြန်ပေးတဲ့စနစ်မျိုး၊ ဒါမှမဟုတ် သက်ဆိုင်ရာ ဘာသာစကားဝေါဟာရကို ပြသပေးတဲ့ AR စနစ်တွေ ပါဝင်လာပါတယ်။ ဒါဟာ ကွန်ပျူတာမှာ လုံးဝမရနိုင်တဲ့ အတွေ့အကြုံဖြစ်ပါတယ်။

(ဂ) **နေရာမရွေးသင်ယူနိုင်မှု (Micro–learning)။** ဘာသာစကားတစ်ခုကို ကျွမ်းကျင်ဖို့ တစ်နေ့ ၁၀ မိနစ်၊ ၁၅ မိနစ် ပုံမှန်လေ့လာခြင်းက အထိရောက်ဆုံးဖြစ်လို့ ဖုန်းတစ်လုံးနဲ့ သွားလေရာလေ့လာနိုင်တာက အကြီးမားဆုံး အားသာချက်ဖြစ်ပါတယ်။

**သင်ရိုးညွှန်းတမ်းရဲ့ အခြေခံ – Duolingo နဲ့ CEFR မူဘောင်**

ဘာသာစကားသင်ယူခြင်းရဲ့ ပထမခြေလှမ်းက ခိုင်မာတဲ့သင်ရိုးညွှန်းတမ်း (Curriculum) ရှိဖို့ပါ။ အွန်လိုင်းဘာသာစကားသင်ယူမှုအက်ပ်တွေထဲက Duolingo လို အက်ပ်တွေဟာ နိုင်ငံတကာ အသိအမှတ်ပြုထားတဲ့ Common European Framework of Reference for Languages (CEFR) အဆင့်တွေဖြစ်တဲ့ A1 (အခြေခံ)မှ C2 (ကျွမ်းကျင်) အထိ သင်ယူမှုမူဘောင်ကို တည်ဆောက်ပေးထားပါတယ်။ Duolingo မှာ IELTS၊ TOEFL လို အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲရှိသလို အခြားဘာသာစကားတွေအတွက်လည်း အလုပ်လျှောက်လွှာမှာ တရားဝင်ထည့်သွင်းနိုင်တဲ့ ဘာသာစကားကျွမ်းကျင်မှု အဆင့်သတ်မှတ်ချက်တွေ ရှိပါတယ်။ CEFR အဆင့်နဲ့ Duolingo Score တွေကို အောက်ပါဇယားအတိုင်း နှိုင်းယှဉ်ကြည့်နိုင်ပါတယ်–

| CEFR အဆင့် | CEFR အဆင့်ခွဲ | အဆင့်အဓိပ္ပာယ် | အဓိက တတ်ကျွမ်းမှု | Duolingo Score |
|---|---|---|---|---|
| A – အခြေခံ အသုံးပြုသူ | A1 (Beginner) | စတင်သူ/ အခြေခံအဆင့် | နေ့စဉ်သုံး ရိုးရှင်းတဲ့ စကားလုံးတွေ၊ စာကြောင်းတွေနဲ့ နားလည်ပြောဆိုနိုင်ခြင်း။ | ၁၀ – ၂၉ |
| | A2 (Elementary) | မူလတန်းအဆင့် | ရင်းနှီးတဲ့ အခြေအနေတွေ (မိသားစု၊ အလုပ်၊ ဈေးဝယ်) မှာ စကားဖလှယ်နိုင်ခြင်း။ | ၃၀ – ၅၉ |
| B – လွတ်လပ်စွာ အသုံးပြုသူ | B1 (Intermediate) | အလယ်အလတ်အဆင့် | အလုပ်၊ ကျောင်း၊ ခရီးသွားရာမှာ တွေ့ရတဲ့ အခြေအနေကို ကိုင်တွယ်ပြောဆိုနိုင်ခြင်း။ စိတ်ဝင်စားရာ အကြောင်းအရာတွေ ရေးသားနိုင်ခြင်း။ | ၆၀ – ၉၉ |
| | B2 (Upper Intermediate) | အထက်တန်းအလယ်အလတ်အဆင့် | ရှုပ်ထွေးတဲ့ စာသားတွေရဲ့ အဓိကအချက်ကို နားလည်နိုင်ခြင်း၊ မိခင်ဘာသာစကားပြောသူနဲ့ သဘာဝကျကျ အပြန်အလှန်ဆွေးနွေးနိုင်ခြင်း။ | ၁၀၀ – ၁၂၉ |
| C – ကျွမ်းကျင်စွာ အသုံးပြုသူ | C1 (Advanced) | အဆင့်မြင့်အဆင့် | ရှည်လျားပြီး နားလည်ရခက်တဲ့ စာတွေကို နားလည်နိုင်ခြင်း၊ ပညာရပ်ဆိုင်ရာအခြေအနေတွေမှာ တိကျပြည့်စုံစွာ အသုံးပြုနိုင်ခြင်း။ | ၁၃၀–၁၅၉ |
| | C2 (Proficiency) | လုံးဝကျွမ်းကျင်အဆင့် | ပြောဆိုရေးသားတဲ့ အကြောင်းအရာတွေကို အလွယ်တကူ နားလည်နိုင်ခြင်း၊ ဘာသာစကားရဲ့အသေးစိတ်ခြားနားချက်တွေကိုပါ ကောင်းစွာသိရှိအသုံးပြုနိုင်ခြင်း။ | ၁၆၀ |

**Gemini ရဲ့ အခန်းကဏ္ဍ – စွမ်းရည် ၄ မျိုးကို ဖြည့်ဆည်းခြင်း**

Duolingo မှာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်တွေကို စနစ်တကျတိုးတက်အောင် သင်ကြားပေးပါတယ်။ ဒါပေမဲ့ပြောဆိုမှုနဲ့ ရေးသားမှုမှာတော့ နက်နဲပြီး လူသားဆန်တဲ့ ပြင်ဆင်မှုတွေပေးဖို့ အားနည်းနေတတ်ပါတယ်။ ဒါကြောင့် ဒီကွက်လပ်ကို Gemini က ဖြည့်ဆည်းပေးနိုင်ပါတယ်။ Gemini မှာ အပြန်အလှန်စကားပြောဆိုမှုစနစ် (Conversation Mode) နဲ့ အသံထွက်ပြောဆိုမှုစနစ် (Voice Mode) တွေ ပါဝင်နေတာကြောင့် ပြောဆိုမှုနဲ့ ရေးသားမှုစွမ်းရည်တွေကို အထိရောက်ဆုံး မြှင့်တင်ပေးနိုင်ပါတယ်။

(က) **စကားပြောစွမ်းရည် (Speaking) အတွက် AI**

(၁) **Real–time အပြန်အလှန်ပြောဆိုမှု။** ဖုန်းရဲ့ Voice Mode ကို သုံးပြီး လိုချင်တဲ့ ဘာသာစကားနဲ့ ချက်ချင်းစကားစပြောနိုင်ပါတယ်။ AI က သင့်ရဲ့ အသံထွက်နဲ့ လေယူလေသိမ်းတွေကို အချိန်နဲ့ တစ်ပြေးညီ ပြင်ဆင်ပေးပါတယ်။

(၂) **ဇာတ်တိုက်လေ့ကျင့်ခန်း (Role–play)။** စာသင်ခန်းထဲမှာပဲ လေ့ကျင့်ရတဲ့ "ကော်ဖီဆိုင်မှာ မှာယူခြင်း"၊ "အင်တာဗျူးဖြေဆိုခြင်း" စတဲ့ လေ့ကျင့်ခန်းတွေကို Gemini နဲ့ Voice Mode သုံးပြီး အချိန်မရွေး၊ ရှက်ကြောက်မှုကင်းကင်း လုပ်ဆောင်နိုင်ပါတယ်။

(ခ) **ရေးသားမှုစွမ်းရည် (Writing) အတွက် AI**

(၁) **လက်တင်အက္ခရာမဟုတ်တဲ့ ဘာသာစကားများ (Non–Latin Scripts)။** တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အာရေဗျ စတဲ့ ဘာသာစကားတွေအတွက် စာလုံးရေးသားစဉ်အဆင့် (Stroke Order)နဲ့ ဆက်စပ်ရေးသားပုံတွေကို Gemini က မြန်မာလို အသေးစိတ်ရှင်းပြပေးနိုင်ပါတယ်။

(၂) **စာအရေးအသားပြင်ဆင်ခြင်း။** ကိုယ်တိုင်ရေးထားတဲ့ စာကြောင်းတွေမှာရှိတဲ့ သဒ္ဒါအမှား၊ စာလုံးပေါင်းအမှား၊ ရေးသားပုံစီးဆင်းမှု(Flow) စတဲ့ အားနည်းချက်တွေကို AI က နည်းပြဆရာတစ်ဦးလို တိကျစွာ ပြင်ဆင်အကြံပေးနိုင်ပါတယ်။

**မိုဘိုင်းဖုန်းဦးစားပေးနည်းလမ်းနဲ့ ဘာသာစကားတံတားထိုးခြင်း**

ဒီခေတ်မီသင်ယူမှုနည်းလမ်းရဲ့ အကြီးမားဆုံးအားသာချက်က မြန်မာဘာသာစကားကို ကြားခံဘာသာအဖြစ်သုံးပြီး သင်ယူနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း Gemini ကို ရွေးချယ်ထားတာ ဖြစ်ပါတယ်။ အပြန်အလှန်စကားပြောဆိုမှုနဲ့ အသံထွက်စနစ်စွမ်းရည်ရှိတဲ့ AI ကိရိယာတွေထဲမှာ လက်ရှိအချိန်မှာ မြန်မာဘာသာစကားစွမ်းဆောင်ရည် အကောင်းဆုံးလို့ ယူဆရလို့ပါ။ Gemini ရဲ့ အားသာချက်တွေကတော့–

(က) ဘာသာစကားအဆင့်အတန်း (Register) (ဥပမာ– Formal/ Informal ကွာခြားချက်) ကို ကောင်းစွာ ခွဲခြားနိုင်ခြင်း။

(ခ) စာအရေးအသားစီးဆင်းမှုနဲ့ ဖတ်ကောင်းအောင် စကားလုံးစုစည်းမှု ကောင်းမွန်ခြင်း။

(ဂ) နည်းပညာဆိုင်ရာ ဝေါဟာရတွေကို မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ခေတ်စကားနဲ့ ကိုက်ညီပြီး နားလည်လွယ်အောင် ရွေးချယ်ပေးနိုင်ခြင်း။

ဒါ့အပြင် Gemini ဟာ မြန်မာဘာသာစကားသုံးစွဲသူတွေအတွက် "စက်ရုပ်ဆန်မှုကင်းတဲ့၊ သဘာဝကျပြီး ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့" တုံ့ပြန်မှုတွေပေးနိုင်ဖို့ အောက်ပါအတိုင်း ဆောင်ရွက်နေတယ်လို့ဆိုပါတယ်–

(က) **စဉ်ဆက်မပြတ် သင်ယူမှု (Continuous Learning)။** မြန်မာဘာသာစကားရဲ့ ခေတ်ပေါ်အသုံးအနှုန်း (Slang)၊ ပြောင်းလဲနေတဲ့ ဝေါဟာရနဲ့

**စာမျက်နှာ ၇ သို့ ○**

**❛ Duolingo ရဲ့ သင်ရိုးညွှန်းတမ်း၊ Gemini ရဲ့ နည်းပြပေးမှုနဲ့ အပြန်အလှန်တုံ့ပြန်မှုစွမ်းအားတွေကို ပေါင်းစပ်ထားတဲ့ စမတ်ဖုန်းတစ်လုံးဟာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်အတွက် CEFR-အဆင့်မီ သင်ရိုးညွှန်းတမ်း၊ စကားပြောစွမ်းရည်အတွက် AI ဦးဆောင်တဲ့ Speaking Lab၊ စာရေးသားမှုစွမ်းရည်အတွက် နည်းပညာပံ့ပိုးမှုနဲ့ ရေးသားမှုလေ့ကျင့်ခန်းများဆိုတဲ့ စွမ်းရည်လေးမျိုးလုံးကို ပြည့်စုံစွာပေးစွမ်းနိုင်တဲ့ ခေတ်မီသင်ယူမှုနည်းလမ်းတစ်ခုအဖြစ် ပုံဖော်နိုင်ပြီဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ခေတ်မီပြီး ကိုယ်ပိုင်စိတ်ကြိုက်ဖြစ်ကာ ဘာသာစကားလေ့လာလိုသူတိုင်းကို တံခါးဖွင့်ပေးထား❜**






# ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော် ကျင်းပ

**နေပြည်တော်  ဇန်နဝါရီ ၁**

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ကလောမြို့ရှိမောမြေဦး ပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါပန်းခြံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပန်းပွဲတော်တွင် နိုင်ငံခြားဖြစ်ပန်းမျိုးစိတ်များအပါအဝင် ဒေသထွက် ပန်းမျိုးစိတ်များကို ပြသထားရှိကြောင်း၊ ထို့ပြင် ပွဲတော်တွင် သစ်ခွဥယျာဉ်နှင့် ပန်းအမျိုးအစားများစွာကိုအသုံးပြု၍ မြေယာရှုခင်းအလှများ ပုံဖော်ပြသထားကြောင်း၊ လာရောက်လည်ပတ်သူများအတွက် စာအုပ်စာစောင်များ အနားယူဖတ်ရှုနိုင်မည့် စာကြည့်တိုက်ပါဝင်ပြီး အလှဓာတ်ပုံရိုက်ကူးရန် နေရာများစွာကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း၊ အားကစားကွင်းနှင့် ကလေးကစားကွင်းများ၊ ဒေသထွက် အစားအစာအရောင်းဆိုင်များလည်း ပါဝင်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ပန်းချစ်သူများအနေဖြင့် ကလောမြို့ ပန်းပွဲတော်သို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လည်ပတ် အပန်းဖြေလေ့လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပန်းပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်(ခေတ္တ) ကျောင်းအုပ်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေပေးကြသည့် ဘင်ခရာတပ်ဖွဲ့နှင့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကြပြီး ပန်းပွဲတော်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပန်းပွဲတော်ကို  ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

**❍ စာမျက်နှာ ၆ မှ**

လူမှုရေးဆိုင်ရာ အသုံးအနှုန်းတွေကို အဆက်မပြတ် လေ့လာသင်ယူနေပါတယ်။

(ခ) **နက်နဲသော အဓိပ္ပာယ်ဖော်ထုတ်မှု (Deep Nuance)။** စာကြောင်းရဲ့မျက်နှာပြင် အဓိပ္ပာယ်ထက် မေးသူရဲ့ရည်ရွယ်ချက် (Intent)နဲ့ စိတ်ခံစားမှု(Emotional Context)ကိုပါနားလည်ပြီး တိကျတဲ့ အချက်အလက်ကို မြန်မာလို ပြန်လည်ပုံဖော်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

အသုံးပြုရမယ့် နည်းလမ်းကတော့ Gemini မှာ **"ကျွန်တော့်ကို အင်္ဂလိပ် (သင်ယူလိုတဲ့ဘာသာ) ဆရာလုပ်ပြီး ဒီသင်ခန်းစာကို သင်ကြားပေးပါ" လို့ မြန်မာလို စာရိုက်လိုက်ရုံနဲ့ AI က သင့်ရည်ရွယ်ချက်ကို နားလည်သွားပြီး သင်ယူလိုတဲ့ ဘာသာစကား အရေး၊ အပြော သင်ကြားမှုကို စတင်ပေးမှာ ဖြစ်ပါတယ်။ Duolingo လို အက်ပ်တွေမှာ အင်္ဂလိပ်လို ရှင်းပြထားတဲ့ သဒ္ဒါစည်းမျဉ်းတွေကို ဖုန်းကင်မရာနဲ့ ထိုးကြည့်ပြီးဖြစ်ဖြစ်၊ Screenshot လုပ်ပြီး ဖြစ်ဖြစ် မေးလိုက်ရင် ချက်ချင်းမြန်မာလို ဘာသာပြန်ပေးနိုင်တာကြောင့် အင်္ဂလိပ်စာအားနည်းသူတွေ အတွက်ပါ အခြားနိုင်ငံခြားဘာသာစကားသင်ယူမှု လမ်းကြောင်းကို ဖွင့်လှစ်ပေးလိုက်တာပါ။**

**ဘတ်ဂျက်ကန့်သတ်ချက်ကို ကျော်လွှားခြင်း – ထိရောက်မှုနဲ့ စွမ်းဆောင်ရည်**

ဘာသာစကားသင်ယူရာမှာ လူအများစု ရင်ဆိုင်ရတဲ့ အဓိကစိန်ခေါ်မှုက "Native Speaker" နဲ့ လေ့ကျင့်ခွင့်ရဖို့ ခက်ခဲခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Native Speaker တစ်ဦးရဲ့ သင်ကြားမှုကို ရဖို့ဆိုတာငွေကြေးကုန်ကျမှုမြင့်မားသလို၊ အချိန်ပိုင်းကန့်သတ်ချက်တွေလည်း ရှိပါတယ်။ ဒီနေရာမှာ AI က ထိရောက်မှုနဲ့ စွမ်းဆောင်ရည် နှစ်မျိုးစလုံးကို တစ်ပြိုင်နက် ပေးစွမ်းနိုင်တဲ့ ဖြေရှင်းချက်ဖြစ်လာပါတယ်။

အထက်ပါဇယားကိုကြည့်ရင် ဘတ်ဂျက်ကန့်သတ်ချက်ရှိသူတွေအတွက် ဈေးကြီးတဲ့ ဆရာ

| ကဏ္ဍ | သမားရိုးကျနည်းလမ်း | AI + Smartphone နည်းလမ်း |
|---|---|---|
| ကုန်ကျစရိတ် | သင်တန်းကြေး မြင့်မားခြင်း၊ ဆရာရဲ့ အခကြေးငွေ များပြားခြင်း။ | Duolingo/ AI App ရဲ့ စာရင်းသွင်းခ အနည်းငယ် (သို့) အခမဲ့နီးပါးဖြစ်ခြင်း။ |
| အချိန် | သတ်မှတ်ထားတဲ့ အချိန်ဇယားနဲ့ စာသင်ချိန်ကို လိုက်နာရခြင်း။ | ၂၄/၇ မိမိအားလပ်ချိန် ၃ မိနစ်၊ ၅ မိနစ်တိုင်း လေ့ကျင့်နိုင်ခြင်း။ |
| ထိရောက်မှု | ဆရာရဲ့ အကဲဖြတ်မှုအပေါ် မူတည်ပြီး လူမှုရေးဖိအား(Social Pressure) ရှိခြင်း။ | AI က အမှားကို ချက်ချင်းပြင်ပေးခြင်း၊ ရှက်ရွံ့ခြင်းကင်းခြင်း။ |
| Native Speaker အစားထိုး | Native Speaker ကို ခက်ခဲစွာရှာဖွေရခြင်း။ | AI စကားပြောဖော်နဲ့ အသံထွက်၊ လေယူလေသိမ်း၊ ဝေါဟာရကြွယ်ဝမှုတွေကို လူတစ်ဦးနဲ့ စကားပြောသလိုနီးပါး လေ့ကျင့်နိုင်ခြင်း။ |

တွေရဲ့နေရာကို AI က အတိုင်းအတာတစ်ခုအထိ အစားထိုးပေးနိုင်ပြီး သင်ယူမှုအရည်အသွေး (Quality) ကို မထိခိုက်စေဘဲ အချိန်နဲ့ ငွေကြေး စွမ်းဆောင်ရည်ကို အမြင့်ဆုံးမြှင့်တင်ပေးနိုင်တဲ့ အကောင်းဆုံးနည်းလမ်းဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

**စနစ်၏ အားနည်းချက်များနှင့် အကန့်အသတ်များ**

(က) **သင်ရိုးညွှန်းတမ်း (Duolingo) ဆိုင်ရာ အားနည်းချက်များ။** Gemini က နက်နဲတဲ့ ရှင်းပြချက်တွေကို ပေးနိုင်ပေမယ့် အခြေခံ သင်ရိုးညွှန်းတမ်းကို ပံ့ပိုးပေးတဲ့ Duolingo မှာ အောက်ပါအကန့်အသတ်တွေ ရှိနေပါသေးတယ်–

(၁) **သဒ္ဒါပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ် နည်းပါးခြင်း။** Duolingo ဟာ လေ့ကျင့်ခန်းတွေနဲ့သာ အဓိကသင်ကြားပေးပြီး စာသင်ခန်းထဲမှာလိုပဲ သဒ္ဒါစည်းမျဉ်းတွေကို ပုံသေသတ်မှတ်ထားတဲ့အတိုင်းသာ သင်ကြားပေးလေ့ရှိပါတယ်။ ဒါကြောင့် နက်နဲသော သို့မဟုတ် လူသားဆန်သော ပြန်လည်ပြင်ဆင်မှုတွေပေးဖို့ အကန့်အသတ်ရှိနေပါတယ်။

(၂) **မျက်နှာပြင်ပေါ်သာ အာရုံစူးစိုက်ခြင်း။** Duolingo ဟာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်တွေကို စနစ်တကျတိုးတက်စေပေမယ့် သူ့ရဲ့နည်းလမ်းတွေက ပြောဆိုမှုနဲ့ ရေးသားမှုစွမ်းရည်တွေကို လုံလောက်စွာ တွန်းအားပေးဖို့ အားနည်းနိုင်ပါတယ်။

(ခ) **AI (Gemini) ရဲ့ အပြန်အလှန်တုံ့ပြန်မှု၏ အကန့်အသတ်များ။** Gemini ဟာ အလွန်အသုံးများတဲ့ စနစ်ဖြစ်ပေမယ့် လူသားဆရာတစ်ဦးရဲ့နေရာကို အပြည့်အဝ အစားမထိုးနိုင်သေးတဲ့ အချက်တွေရှိနေပါတယ်–

(၁) **EQ (စိတ်ခံစားမှု ဉာဏ်ရည်) ကင်းမဲ့ခြင်း။** လက်ရှိ AI ဆရာတွေရဲ့အသံနဲ့ တုံ့ပြန်မှုတွေက တိကျပေမယ့် စိတ်ခံစားမှု (Emotion) ကင်းမဲ့နေပါသေးတယ်။ သင်ယူသူရဲ့ စိတ်ပျက်အားငယ်မှု သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ထိလွယ်ရှလွယ်မှုကို စစ်မှန်တဲ့ စာနာစိတ်နဲ့ ကိုင်တွယ်ဖြေရှင်းပေးနိုင်တာမျိုး မရှိသေးပါ။

(၂) **"လူသားဆန်မှု" ရဲ့ ကန့်သတ်ချက်။** AI ဟာ လူတစ်ဦးနဲ့ နီးစပ်အောင် လေ့ကျင့်ပေးနိုင်ပေမယ့် စစ်မှန်တဲ့ Native Speaker တစ်ဦးရဲ့ အားထုတ်မှုမပါဘဲ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဖလှယ်မှုနဲ့ နိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝလေ့စရိုက်တွေကို အပြည့်အဝ နားလည်စေဖို့ ခက်ခဲနိုင်ပါသေးတယ်။

(ဂ) **နည်းပညာနဲ့ လက်လှမ်းမီမှု စိန်ခေါ်ချက်များ (၁) စဉ်ဆက်မပြတ် အင်တာနက်လိုအပ်ခြင်း။** ဒီစနစ်ရဲ့ အဓိကအားသာချက်ဖြစ်တဲ့ Live Conversation (အသံဖြင့်ပြောဆိုမှု)ကို အသုံးပြုဖို့အတွက် ပုံမှန်မြန်နှုန်းမြင့် အင်တာနက်ကွန်ရက်တစ်ခု အမြဲလိုအပ်ပါတယ်။ ကွန်ရက်မတည်ငြိမ်ပါက AI ရဲ့ တုံ့ပြန်မှု စွမ်းဆောင်ရည် ကျဆင်းသွားပါလိမ့်မယ်။

(၂) **ကနဦးကုန်ကျစရိတ်။** Duolingo/ Gemini တို့ဟာ အခမဲ့အသုံးပြုနိုင်ပေမယ့်လည်း ပိုမိုပြည့်စုံတဲ့ လုပ်ဆောင်ချက်တွေ ရယူဖို့အတွက် စာရင်းသွင်းခ (Subscription) ပေးဆောင်ရနိုင်ပါတယ်။ ဒီအပြင် စနစ်ကောင်းကောင်း အလုပ်လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ Hardware (မိုက်ခရိုဖုန်း၊ ကင်မရာ) ပါဝင်တဲ့ စမတ်ဖုန်းတစ်လုံးရှိဖို့ အဓိကလိုအပ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ Duolingo ရဲ့ သင်ရိုးညွှန်းတမ်း၊ Gemini ရဲ့ နည်းပြပေးမှုနဲ့ အပြန်အလှန်တုံ့ပြန်မှုစွမ်းအားတွေကို ပေါင်းစပ်ထားတဲ့ စမတ်ဖုန်းတစ်လုံးဟာ ဖတ်ရှုမှုနဲ့ နားထောင်မှုစွမ်းရည်အတွက် CEFR–အဆင့်မီ သင်ရိုးညွှန်းတမ်း၊ စကားပြောစွမ်းရည်အတွက် AI ဦးဆောင်တဲ့ Speaking Lab၊ စာရေးသားမှုစွမ်းရည်အတွက် နည်းပညာပံ့ပိုးမှုနဲ့ ရေးသားမှုလေ့ကျင့်ခန်းများဆိုတဲ့ စွမ်းရည်လေးမျိုးလုံးကို ပြည့်စုံစွာပေးစွမ်းနိုင်တဲ့ ခေတ်မီသင်ယူမှုနည်းလမ်းတစ်ခုအဖြစ် ပုံဖော်နိုင်ပြီ ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ ခေတ်မီပြီး ကိုယ်ပိုင်စိတ်ကြိုက်ဖြစ်ကာ ဘာသာစကား လေ့လာလိုသူတိုင်းကို တံခါးဖွင့်ပေးထားမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

■

---

# ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

# သတင်းထုတ်ပြန်ချက်

၃၁-၁၂-၂၀၂၅။

ယခုလက်ရှိ တင်းမာမှုများဖြစ်ပွားနေသည့် ထိုင်ဝမ်ပြဿနာ (Taiwan Question)နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ပေါ်ပေါက်လာစဉ်ကတည်းက တရုတ်နိုင်ငံ၏ လွတ်လပ်ရေးကို အစောဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် အစဉ်တစိုက် ရပ်တည်ထောက်ခံခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း တွေ့ဆုံစဉ်၌လည်း ထပ်လောင်းအတည်ပြုပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ ထိုင်ဝမ်နှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး ရည်ရွယ်ချက်ကိုလည်း ထောက်ခံရပ်တည်လျက်ရှိသည်။

(ခ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သဘောတူလိုက်နာနေသည့် နိုင်ငံများဖြစ်သည်နှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားကြသည်။ ၎င်းအတွက် ကြိုးပမ်းမှုများကိုလည်း အလေးထားသည်။

(ဂ) တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက လေးစားမှုပြုရေး မူဝါဒအရလည်း ထိုင်ဝမ်ပြဿနာ (Taiwan Question) သည် တရုတ်၏ ပြည်တွင်းရေးပင်ဖြစ်ပြီး ထိုင်ဝမ်သည် တရုတ်၏ ခွဲခြမ်းစိတ်ဖြာ၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသည်။ ခွဲထွက်ရေးလှုပ်ရှားမှုများသည် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ၎င်းလှုပ်ရှားမှုများကို အသိအမှတ်မပြုပါ။ ပဋိပက္ခဖြစ်ပွားမှုများကို မြင့်တက်စေမည့် မည်သည့်အားပေးမှုကိုမဆို ထိန်းသိမ်းဆောင်ရွက်စေလိုပါသည်။

(ဃ) မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ၊ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးရှိသည့်နိုင်ငံ၊ အေးအတူပူအမျှအသိုက်အဝန်းကို အတူထူထောင်ထားသည့် နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ယာယီမီးဘေးကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ် ရန်နိုင်(၁)လမ်း နေအိမ်တွင် ဒီဇင်ဘာ ၃၁ ရက်ည ၆ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဦးစီးမှူးများ ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၂၅ စီး၊ ရေသယ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၈ နာရီတွင် မီးငြိမ်းနိုင်ခဲ့သည်။

**ဖွင့်လှစ်ထားရှိ**



အဆိုပါ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်နေမှုများကို ကြီးကြပ်၍ မီးဘေးသင့်ပြည်သူများအား ယာယီနေထိုင်နိုင်ရန်အတွက် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် တပေါင်းကွင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ် တပေါင်းကွင်း ယာယီမီးဘေးကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ရေသန့်၊ ဆေးစိမ်ခြင်ထောင်နှင့် စားသောက်ကုန်များကို ပေးအပ်ပြီး မီးဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးလောင်မှုဖြစ်ပွားခဲ့သည့် ရန်နိုင်ရပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများကို အားပေးစကားပြောကြားသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်အလုံး ၆၀ ပျက်စီးခဲ့ပြီး ပျဉ်းမနားမြို့ တပေါင်းကွင်း ယာယီမီးဘေးကယ်ဆယ်ရေးစခန်းသို့ မီးဘေးသင့်ပြည်သူ ၃၀၈ ဦး ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် လယ်ဝေးမြို့နယ် ဖောင်တော်ချက်မဘုရားဝင်းအတွင်း ကျင်းပသော MSME ထုတ်ကုန် ပြပွဲ/ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော် (၈) မြို့နယ်တွင် ယနေ့အထိ SME Member Card ၁၉၈၁ ဦး ထုတ်ပေးခဲ့ပြီး လယ်ဝေးမြို့နယ်မှ SME Member Card ၂၀၁ ဦး၊ အသေးစား ၁၄၉ ဦး၊ အလတ်စား ၅၂ ဦးတွင် ထုတ်လုပ်မှု ၉၈ ဦး၊ ရောင်းဝယ်မှု ၇၀၊ ဝန်ဆောင်မှု ၃၀ နှင့်အခြားလုပ်ငန်းသုံးဦးတို့ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကျင်းပမည့် MSME ထုတ်ကုန်ပြပွဲတွင် လယ်ဝေးမြို့နယ်ရှိ MSME လုပ်ငန်းရှင် ၂၈ ဦး၏ ထုတ်ကုန်နှင့် အပ်ကုန်ပစ္စည်းအမျိုးပေါင်း ၁၆ ခုကို ခင်းကျင်းပြသရောင်းချမည်ဟု သိရပါကြောင်း၊ ထို့ပြင် MSME နှင့်ပတ်သက်ပြီး ချမှတ်ထားသည့် မူဝါဒတစ်ခုဖြစ်သည့် “ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုကောင်းရမည်” အချက်ကိုလည်း အလေးထား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ ကျက်သရေဆောင် သမိုင်းဝင် ဖောင်တော်ချက်မစေတီတော်မြတ်ကြီး ပြန်လည်တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ လူနေအိမ်များ မီးလောင်မှုများ မဖြစ်ပေါ်စေရေး အတွက် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းချိုနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ် လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးအဖွဲ့များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းအဖွဲ့များက မီးဘေးလုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရန်၊ နေအိမ်ရေကန်များ ရေအပြည့်ဖြည့်တင်းထားရှိကြရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့ရပါက အရေးပေါ် ဖုန်းနံပါတ် ၁၉၁၊ ကန်ကြီးထောင့်မြို့နယ် မီးသတ်စခန်း ဖုန်းနံပါတ် ၀၄၂-၄၅၂၁၁ သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် စသည်တို့ကို ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြား၍ နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မိုးဟိန်းထက်**

## လွိုင်လင်မြို့နယ်၌ ဒုတိယအကြိမ်ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**လွိုင်လင် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံ-ကျောက်တန်း-ဟိုပုံး ကားလမ်းအနီးနှင့် ပင်လုံမြို့ အနောက်ဘက် တောင်ကုန်း၊ တောင်စောင်း၊ လျှိုမြောင်များ၌ စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဒုတိယအကြိမ် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့နှစ်ဖွဲ့ခွဲ၍ ဘိန်းစိုက်ခင်း ၃၄၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ သည်။

ထိုသို့ ဘိန်းစိုက်ခင်းများ ဖျက်ဆီးရာတွင် လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင် ဦးစီးသည့် တပ်မတော်သားများ၊ မူးယစ်ဆေးဝါး တာဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ကျော်စိန်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး သောင်းအေးနှင့် လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပလကဖအဖွဲ့များက ပင်လုံ-ကျောက်တန်း-ဟိုပုံး ကားလမ်းမအနီး၌ စိုက်ပျိုးထားသော အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်းများကိုလည်းကောင်း၊ ထို့အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးနိုင်ထွန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပင်လုံမြို့ အနောက်ဘက်တောင်ကုန်း၊ တောင်စောင်းများ၊ လျှိုမြောင်များ၌ စိုက်ပျိုးထားသော အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်းများကို ဒုတိယအကြိမ် သွားရောက်ဖျက်ဆီးကြရာ ဘိန်းစိုက်ခင်း ၃၄၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သမိုင်းပေးသည့် သွေးသစ္စာ

❖ နှစ်ပေါင်းထောင်ချီ သမိုင်းရှည်သည့်
တိုင်းပြည်တစ်ခု၊ တည်ဆောက်မှုတွင်
ပြည်သူ့အင်အား၊ တပ်အင်အားနှင့်
တိုင်းခြားပြည်တွင်း၊ ရန်ခပင်းကို
ဖြိုခွင်းတိုက်ဖျက်၊ သွေးအသက်တို့
ပေးဆပ်များစွာ၊ ရင်းနှီးပါမှ
မြန်မာဟူသည်၊ အစွန့်ရှည်ခဲ့
သည်ပြည်သည်တိုင်း၊ ဤသမိုင်းကား
သိုင်းဝိုင်းဖွဲ့ဆင်၊ စိတ်ကူးယဉ်သည့်
ပုံပြင်တစ်ပုဒ်မဟုတ်ချေ ...။

❖ အချုပ်အခြာ၊ ပြည့်အာဏာနှင့်
ဂုဏ်ဝါထင်လင်း၊ လွတ်လပ်ခြင်းတို့
ပျက်ယွင်းမြေခ၊ ကျွန်ဘဝမှ
ရုန်းထရှင်သန်၊ လွတ်မြောက်ရန်လည်း
နိုင်ငံရေးနည်း၊ စစ်ရေးနည်းပြင်
နည်းမျိုးထွေထွေ၊ ကြိုးစားပေလျက်
အသက် ဘဝ၊ များစွ သွေး ချွေး
စတေးပေးဆပ်၊ ရခဲ့အပ်သည့်
လွတ်လပ်ရေးစစ်၊ အမှန်ဖြစ်၍
သမိုင်းသစ်ထူ၊ ရှေ့ကလူတို့
သူတို့ကြိုးပမ်း၊ ဤဇာတ်လမ်းလည်း
ယုံတမ်းစကားမဟုတ်ချေ ...။

❖ တန်ဖိုးအနဂ္ဃ ...
ကြီးမားလှသည့်၊ မြန်မာ့အသက်သွေး
လွတ်လပ်ရေးသည်၊ အစွန့်ရှည်စွာ
တံ့တည်ခိုင်မြဲ၊ မယိုင်လဲဖို့ ...

❖ ပြည်ထောင်စုကြီး ...
ပျက်စီးပြိုကွဲ၊ မလဲမယိုင်
စဉ်မြဲခိုင်ဖို့ ...

❖ တို့တိုင်းရင်းသား၊ သွေးချင်းများ၏
အားအင်ပေါင်းစု၊ ညီညွတ်မှုလည်း
ပြိုစုစဉ်မြဲ၊ သွေးမကွဲဖို့ ...

❖ အချုပ်အခြာ၊ ပြည့်အာဏာလည်း
ခိုင်မာအရှည်၊ မြဲတံ့တည်ဖို့ ...
ငါတို့အရေး၊ သမိုင်းပေးသည့်
သွေး နှင့် သစ္စာ၊ အမှန်သာတည့် ...။

❖ တို့ဘိုး တို့ဘေး၊ သူတို့သွေးနှင့်
ရေးခဲ့ပေရာ၊ သွေးသစ္စာကို
မညှာမကွက်၊ ယွင်းမပျက်ဘဲ
တွဲလက်ညီညီ၊ တို့တိုင်းပြည်ကို
ခေတ်မီဖွံ့ဖြိုး၊ စီးပွားတိုးအောင်
တန်ခိုးထက်မြက်၊ ငါတို့လက်ဖြင့်
ဆက်လက်ဆောက်တည်၊ ရှေ့သို့ချီလော့ ...။

❖ မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့ ...
လုံ့လ အားမာန်၊ ရေကိုဆန်လျက်
တက်စုံအသင့်၊ ရှက်ကုန်ဖွင့်လော့
တိုင်းနှင့်ပြည်နယ်၊ အသွယ်သွယ်လျှင်

❖ လူငယ်လူကြီး၊ အားစုစည်း၍
စီးပွားပညာ၊ ဘာသာ အမျိုး
ပြည့်အကျိုးတို့၊ ဖွံ့ဖြိုးဝေဆာ
ငြိမ်းချမ်းစွာလျှင်
မြန်မာတစ်ခေတ်၊ သမိုင်းသစ်ကို
ထုဆစ်ပုံဖော် နိုင်စေသတည်း ...။
လွတ်လပ်ရေးရဲ့ ရှေ့ခရီး ...။
အောင်တေးသံပြိုင် မြိုင်စေသတည်း...။

မိုးချမ်းမြေ

## ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အစိုးရအဆောက်အအုံဆောက်လုပ်နေမှုနှင့် MSME ပြခန်း ကြိုတင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



ဟားခါး ဇန်နဝါရီ ၁

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ခရိုင်စုပေါင်းရုံးဝင်းအတွင်းရှိ ပြည်နယ်အစိုးရအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် MSME ပြခန်းအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက ပြည်နယ်အစိုးရအဆောက်အအုံ ဆောက်လုပ်မှုအခြေအနေနှင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သော (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ပြသမည့် MSME ပြခန်းအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးအောင်ကိုကိုက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု၊ တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးဆုနှင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ခရမ်း ဇန်နဝါရီ ၁

ခရမ်းမြို့နယ်အသင်း ( ရန်ကုန်) က ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု၊တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးဆုနှင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားဂုဏ်ပြုဆု၊ အထက်တန်း၊ အလယ်တန်းအဆင့် ပညာသင်ထောက်ပံ့ကြေးဆုများ ချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့အထက (၁) စိန်ရတုခန်းမ၌ ကျင်းပသည်။



ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားနှင့် အသင်း၏ ပညာရေးဆိုင်ရာ ထောက်ပံ့မှုတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးသိန်းနိုင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ခရမ်းမြို့နယ် အသင်း(ရန်ကုန်)မှ ကျောင်းနေရန် ခက်ခဲသည့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၁ ဦးနှင့် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီး ဘောလုံးအားကစားသမားတစ်ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဂုဏ်ပြုဆုငွေများကို အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အသင်းအလုပ်အမှုဆောင်များ၊ မြို့နယ် တာဝန်ခံပညာရေးမှူး ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

အခမ်းအနားတွင် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၄၆ သိန်းကျော်ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# မန္တလေးတိုင်းဒေသကြီး၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုံခြုံရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် က အမှာစကားပြောကြားပြီး တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အပိုင်း(၁) အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့မှုနှင့်စပ်လျဉ်း၍ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် အကြံပြုဆွေးနွေးမှု များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအခြေအနေကို ဆွေးနွေးတင်ပြကြပြီး တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ယင်းနောက် (၇၈)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ (၆၈)လမ်း၊ (၁၃၉)လမ်းမှ (၁၄၃)လမ်းအထိနှင့် အမရပူရမြို့နယ်ရှိ စွယ်တော် ဘုရားလမ်း(၆၈)လမ်းမှ ရန်ကုန်-မန္တလေးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြ သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင် သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ မြို့ပေါ်ရှိ လမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်လွန်ကတ္တရာ လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ပြီး လမ်းတစ်လျှောက် ကြည့်ရှု ကာ မြို့မိမြို့ဖများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ဥက္ကလာပမြို့နယ်၌ ရွေးကောက်ပွဲအပိုင်း(၂)တွင် အသုံးပြုမည့် MEVM မဲပေးစက်များ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ရွေးကောက် ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ်တွင် မဲရုံစုစုပေါင်း ၇၅ ရုံရှိရာ အရန်မဲပေး စက်အပါအဝင် MEVM မဲပေးစက် ၃၉၈ လုံး အသုံးပြုသွားမည်ဖြစ်ပြီး မဲပေးစက်များကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်၊ ၂ ရက်တို့တွင် နည်းပြများနှင့် စက်ကိုင်တာဝန်ထမ်းဆောင်မည့်သူ များက တပ်ဆင်သွားမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၉ ရက်တွင် မဲရုံများ အလိုက် မဲပေးစက်များ အဆင်သင့်အသုံးပြုနိုင်ရန် ပြင်ဆင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဆီဆိုင်မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**ဆီဆိုင် ဇန်နဝါရီ ၁**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၂) ကျင်းပ မည့် ဆီဆိုင်မြို့နယ် ရွေးကောက် ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာ အထက်တန်း ကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ ဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



### ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် ဆီဆိုင် မြို့နယ်ကို ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မဲရုံ၊ မဲရုံအဖွဲ့ဝင်များ၊ မဲပေးစက်များ အသင့်ပြင်ဆင်စုဖွဲ့ သယ်ဆောင်ဖြန့်ခွဲထားရှိရေး၊ မဲရုံ သုံးပစ္စည်းများ မဲစာရင်းအပါအဝင် အသုံးပြုရမည့် ပုံစံစာရင်းဇယား များ စနစ်တကျပြင်ဆင်ထားရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေ လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲပေး ခြင်းလုပ်ငန်းများကို ဥပဒေနှင့် အညီ ကြီးကြပ်ဆောင်ရွက်ရေး စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေး ပြောကြားပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက ရွေးကောက်ပွဲအပိုင်း(၁) ဆောင် ရွက်ပြီးစီးခဲ့မှုများနှင့် အပိုင်း(၂) တွင် ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးက ဆီဆိုင်မြို့နယ် ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ ကို ရှင်းလင်းတင်ပြပြီး တက် ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ က ဆွေးနွေးမေးမြန်းကြကာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက် ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ ဒုတိယအကြိမ်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တံတားဦး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ဒုတိယအကြိမ်ကျင်းပ မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးရမည့်အခွင့်အရေး မဆုံးရှုံးစေရန် လွတ်လပ် ၍တရားမျှတသော ရွေးကောက်ပွဲအနှစ်သာရပေါ်လွင်စေရန် လိုအပ် သည့် အစီအမံများ ကြိုတင်စီမံဆောင်ရွက်ထားရှိရေး၊ ထို့အပြင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများအလိုက် ဖွင့်လှစ်ထားရှိမည့် မဲရုံများ စနစ်တကျပြင်ဆင်ထားရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မဲစာရင်း အမှတ်စဉ်များ ကြိုတင်ဖြန့်ဝေထားရှိရေးတို့ကို အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ပေး

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြ သည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ရွေးကောက်ပွဲနှင့်ပတ်သက် ပြီး ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာသူများက ကြုံတွေ့ရမည့်အခက်အခဲများကို တင်ပြ



ဆွေးနွေးကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြုကာ ကုန်ထုတ်စွမ်းအားမြှင့်တင်



**ညွန့်ဝင်း (နတ်တလင်း)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကအခြေခံ၍ စီးပွားရေးလုပ်ကိုင်သောနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးစားလုပ်ကိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည်ဖြစ်ပါသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး ဟူသော ဦးတည်ချက်ကိုထားရှိ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ကြသည်။ အဆိုပါ လူဦးရေများအနက် ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျေးလက်စီးပွားရေးကောင်းမွန်လာအောင် မြှင့်တင်ပေးနိုင်မှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သာမန်အားဖြင့် ဆန်စပါးနှင့် ကောက်ပဲသီးနှံများကိုသာ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကောက်ပဲသီးနှံများကို စိုက်ပျိုးရုံသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရမည်ဖြစ်သည်။ သို့မှသာ စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကလည်း " မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း" လမ်းညွှန်ပြောကြားခဲ့ပါသည်။

**AI နှင့် စတင်မိတ်ဆက်ဆောင်ရွက်တော့မည်**

ယခုအခါ ကမ္ဘာတွင် AI အသုံးပြု ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အလျင်အမြန်တိုးတက်လာနေပါသည်။ ကမ္ဘာတွင် AI နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်နေသည့်နိုင်ငံများတွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်သည်။ AI စနစ်ဆိုသည်မှာ ခေတ်မီဒစ်ဂျစ်တယ် လူမဲ့ဉာဏ်ရည်တု နည်းပညာတစ်မျိုးဖြစ်ပြီး ထိုနည်းပညာဖြင့် ဖန်တီးထားသော AI စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးကာ မျိုးများကြဲပက်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးဖျန်းပက်ရာတွင်လည်းကောင်း တွင်ကျယ်အောင်မြင်စွာ အသုံးပြုနိုင်ပြီး အောင်မြင်မှုရရှိလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအဆင့် ပညာရှင်များ ဆွေးနွေးပွဲကျင်းပခဲ့ပါသည်။ သမားရိုးကျစိုက်ပျိုးမွေးမြူရေးနည်းစနစ်မှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့်အစီအစဉ်များသည် မြန်မာ့စိုက်ပျိုးမွေးမြူရေး AI ခေတ်ကို ရောက်ရှိစေမည့် ဦးတည်ဆောင်ရွက်မှုဖြစ်၍ ကြိုးဆိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံ ၁၀ မျိုးတွင် ပထမဆုံး စပါး၊ ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင် ကူးစက်တတ်သည့် ရောဂါပိုးမွှားများနှင့် ကုသရေးအပိုင်းကိုလည်းကောင်း AI နှင့် စတင်မိတ်ဆက်ဆောင်ရွက်တော့မည်ဖြစ်သည်။

**❝ သမားရိုးကျစိုက်ပျိုးမွေးမြူရေးနည်းစနစ်မှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့် အစီအစဉ်များသည် မြန်မာ့စိုက်ပျိုးမွေးမြူရေး AI ခေတ်ကို ရောက်ရှိစေမည့် ဦးတည်ဆောင်ရွက်မှုဖြစ်၍ ကြိုးဆိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံ ၁၀ မျိုးတွင် ပထမဆုံး စပါး၊ ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင် ကူးစက်တတ်သည့် ရောဂါပိုးမွှားများနှင့် ကုသရေးအပိုင်းကိုလည်းကောင်း AI နှင့် စတင်မိတ်ဆက်ဆောင်ရွက်တော့မည် ❞**

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုရှိသော်လည်း ပြည်ပသို့ ကုန်ကြမ်းတင်ပို့မှုများကြောင့် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ရှိသဖြင့် မှာယူတင်သွင်းနေရပါသည်။ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးအတွက် နှမ်း၊ မြေပဲနှင့် နေကြာ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရပါမည်။ စက်မှုသီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာကဲ့သို့သော နှစ်ရှည်သီးနှံများ၊ ဝါကဲ့သို့သော ရာသီ သီးနှံများ၊ ကြံကဲ့သို့သော နှစ်တိုသီးနှံများကို တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ပါသည်။ ဝါကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး စုစုပေါင်း ဝါစိုက်ဧက ငါးသိန်းခန့်ရှိပါသည်။ လက်ရှိစိုက်ပျိုးထားသော စိုက်ဧကများကို တစ်ဧက အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် မြေ၊ ရေ၊ ရာသီဥတု အခြေအနေအလိုက် ပြုပြင်ဆောင်ရွက်ကြရန် အရေးကြီးပါသည်။ အချို့ဒေသများတွင် ရေနက်ကွင်းများရှိသဖြင့် စိုက်ပျိုးရန် အခက်အခဲများရှိသည်။ ထိုရေနက်ကွင်းများကို မြေပြုပြင်၍ စပါးစိုက်ပျိုးခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ပြုလုပ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရရှိမည်ဖြစ်သည်။ စပါးကို ပြည်တွင်းစားသုံးရန်သာမက ပြည်ပတင်ပို့မှုတွင် ဝယ်လိုအား တိုးတက်ကောင်းမွန်သည့် စပါးမျိုးများကို အရည်အသွေးပိုမိုကောင်းမွန်ရန်နှင့် ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရမည်။ ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးထွက်ရှိသော ပေါ်ဆန်းမွှေးဆန်သည် အမှန်တကယ်ကောင်းမွန်ပြီး နာမည်ရသဖြင့် တိုင်းဒေသကြီး၏ Brand တစ်ခုရအောင် ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ မွေးမြူရေးတွင် ဒေသတွင်းစားရေးဖူလုံမှုရှိအောင် စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိရစ္ဆာန်အစားအစာများ လွယ်ကူပေါများစွာရရှိနိုင်သည့် ဒေသများပေါများသဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့ မွေးမြူဆောင်ရွက်သွားလျှင် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာစေရန် ရေရှည်မျှော်မှန်းပြီး နိုင်ငံတော်က မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကို အခြေခံပညာအလယ်တန်းဆင့် Grade–9 အောင်မြင်သည်နှင့် ဆက်လက်ပညာဆည်းပူးနိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်၍ သင်ကြားလေ့ကျင့်လျက် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည်။

**မြေလွတ်မြေရိုင်းများအား စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုပေးသွားမည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍတွင် မြေလွတ်မြေရိုင်းများအား အမှန်တကယ် စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းမရှိစေရန် မှာကြားခဲ့ပါသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများ ပေါများစွာထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်နှင့် စက္ကူများ ထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်း ထုတ်လုပ်နိုင်ကြောင်း လမ်းညွှန်ပြောကြားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးမြေပေါများသောနိုင်ငံဖြစ်ခြင်း၊ တိရစ္ဆာန်များအတွက် စားကျက်နှင့် အစာပေါများသောနိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းရှိ ဒေသအလျောက် ကုန်ထုတ်စွမ်းအားများ ပိုမိုတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးကူညီဆောင်ရွက်မှုများကို အလေးထား၍ မိမိတို့၏ ဝင်ငွေတိုးပွားရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံရှိရေမြေများမှ နိုင်ငံအတွက် ရွှေသီးငွေသီးများသီးလာအောင် ဆောင်ရွက်နိုင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ရောက်ရှိလာမည်ဖြစ်ပေသည်။ ။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လမ်းတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြစ်ကြီးနား-မန်ခိန်လမ်း ကတ္တရာကွန်ကရစ်(AC)လမ်းသစ်မှာ ၄၈ ပေအကျယ် ၁ မိုင် ၁ ဖာလုံ၊ ပေ ၄၀ အကျယ် ၂ မိုင် ၂ ဖာလုံ၊ ၂၄ ပေအကျယ် ၂ မိုင် ၅ ဖာလုံဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းအရှည် ခြောက်မိုင်ရှည်လျားကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိုင်ကြီးကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် အိုင်ကြီးကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက တွံတေးမြို့နယ် ကံရွာကျေးရွာအုပ်စု အိုင်ကြီးကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာရပ်မိရပ်ဖများကိုယ်စား အိုင်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အိုင်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အိုင်ကြီးကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကရင်ဒုံးယိမ်းအဖွဲ့နှင့် အထက (၁)တွံတေး ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ၂၀၂၅-၂၀၂၆ ခုနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး အရှည်ပေ ၂၇၀၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိကာ ယင်းလမ်းပေါ်တွင် Slap Culvert နှစ်စင်း ပါဝင်ပြီး ကျေးရွာအုပ်စုသုံးရွာ၊ အိမ်ခြေ ၅၈၇ အိမ် လူဦးရေ ၂၃၇၀ နှင့် လယ်ယာထုတ်ကုန်များကို သယ်ဆောင်ရန် အထောက်အကူပြုသည့်အပြင် လမ်းပန်းဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် ကျွဲဒရွတ်ကျေးရွာအုပ်စု ကျွဲဒရွတ်ကျေးရွာနှင့် ထန်းတပင်မြို့နယ် ဖိုးဝဲကြီးစုကျေးရွာတို့အား ဆက်သွယ်ထားသော ပန်းလှိုင်ချောင်းကူး ကျေးလက်သံကူ ကွန်ကရစ်တံတားသစ် ဖွင့်ပွဲကို အဆိုပါတံတား ယာယီမဏ္ဍပ်တွင် ကျင်းပရာ သံကူကွန်ကရစ်တံတားသစ်ကို တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တွံတေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပန်းလှိုင်ချောင်းကူး (ကျွဲဒရွတ်) ကျေးလက်သံကူ ကွန်ကရစ်တံတားသစ် ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး တံတားသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထက (ကံဘဲ့) တွံတေးဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပန်းလှိုင်ချောင်းကူး (ကျွဲဒရွတ်) ကျေးလက်သံကူ ကွန်ကရစ် တံတားသစ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော တွံတေးမြို့နယ် ကျွဲဒရွတ်ကျေးရွာနှင့် ထန်းတပင်မြို့နယ် ဖိုးဝဲကြီးစုကျေးရွာတို့အား ဆက်သွယ်ထားသော ပန်းလှိုင်ချောင်းကူးတံတားအရှည်ပေ ၂၂၀၊ အကျယ်ပေ ၂၀ သံကူကွန်ကရစ်ဘိုးပိုင်တံတားဖြစ်ကာ တံတားသစ်ကြီး ပြီးစီးသွားသည့်အတွက် ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၆၅၇ အိမ်၊ အိမ်ထောင်စု ၈၇၀၊ လူဦးရေ ၄၅၀၀ အတွက်အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံး မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အင်းစိန်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းမာ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကျော့်သက်ထားဝင်းနှင့် အသင်းဝင်များ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြိုင်ပွဲဝင်ကလေးမိခင်များနှင့် သားကောင်းမိခင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အင်းစိန်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးက ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေါက်တာစန်းမာက ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးစမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်အထိ၊ တစ်နှစ်မှ ၁ နှစ် ၆ လထိ၊ ၁ နှစ် ၆ လမှ နှစ်နှစ်အထိ ကလေးများအား ပ ၊ဒု ၊တ ၊အထူးဆုများ ချီးမြှင့်ပေးပြီး အမြွှာပူးမွေးကလေးမိခင်များအား ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**



# ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ



**ပုသိမ်ကြီး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက စတင်ကာ အဆိုပါ တက္ကသိုလ်တွင်း၌ ကျင်းပသည်။

ပျော်ပွဲရွှင်ပွဲအားကစားများအနေဖြင့် မီတာ (၄၀၀)လက်ဆင့်ကမ်းပြေးပွဲ၊ မီတာ(၁၀၀) တာတိုပြေးပွဲများအပြင် အာလူးကောက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ဆန်ကောရွက်နှင့် အပ်ထိုးပြိုင်ပွဲများကို ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာလင်းထက်မြင့်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**

# တောင်ကိုရီးယား သမ္မတ လီဂျေမြောင် တရုတ်နိုင်ငံသို့ အလည်အပတ် ခရီးသွားရောက်မည်



တရုတ်သမ္မတ ရှီကျင့်ဖျင်



တောင်ကိုရီးယားသမ္မတ လီဂျေမြောင်

**ဆိုးလ် ဇန်နဝါရီ ၁**

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၄ ရက်မှ စတင်၍လေးရက်ကြာ နိုင်ငံတော်အလည်အပတ် ခရီးသွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပြောကြားခဲ့သည်။

မြို့တော်ပေကျင်း၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လီဂျေမြောင်က သမ္မတရာထူးတာဝန်များ စတင်ထမ်းဆောင်သည့် ဇွန်လမှစပြီး တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက် လည်ပတ်ခြင်းလည်းဖြစ်သည်။

လီနှင့် ရှီတို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်အတွက် ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**မျှော်လင့်ထား**

ခေါင်းဆောင်နှစ်ဦးသည် ထောက်ပံ့ရေးကွင်းဆက်များနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင်ကဏ္ဍအသီးသီးတွင် အမြင်ချင်းဖလှယ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ထို့ပြင် ခေါင်းဆောင်များက အရှေ့မြောက် အာရှ၏ အခြေအနေများကို ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင်က တောင်ကိုရီးယားသမ္မတအား တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားထားကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရာတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု မျှော်လင့်ကြောင်း လင်ကျန်းက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးအစိုးရက ဂါဇာကမ်းမြောင်ဒေသရှိ ကယ်ဆယ်ရေးအဖွဲ့ ဒါဇင်ပေါင်းများစွာကို ဇန်နဝါရီ ၁ ရက်မှစပြီး တားမြစ်ပိတ်ပင်မည်

**ဂျေရုဆလင် ဇန်နဝါရီ ၁**

ဂါဇာကမ်းမြောင်ဒေသရှိ ကယ်ဆယ်ရေးအဖွဲ့ ဒါဇင်ပေါင်းများစွာကို ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။

အဆိုပါ လှုပ်ရှားမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားစေမည်ဟု စိုးရိမ်မှုများလည်း မြင့်တက်လျက်ရှိသည်။

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း ၃၇ ဖွဲ့၏ လိုင်စင်များကို ဇန်နဝါရီ ၁ ရက်တွင် ပြန်လည်ရုပ်သိမ်းမည်ဟု အစ္စရေးအစိုးရက ကြေညာခဲ့သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကြောင့် ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ပါက ဂါဇာရှိ ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အအုံ သုံးခုတွင် တစ်ခု ပိတ်သွားမည်ဖြစ်သည်။

ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့ အပါအဝင် နိုင်ငံ ၁၀ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများက



အဆိုပါအဖွဲ့အစည်းများအား ရေရှည်တည်တံ့သော လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပြုရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့မှုများကို မြှင့်တင်ရန် အစ္စရေးအစိုးရအား တောင်းဆိုခဲ့သည်။ သို့သော် အစ္စရေးက တောင်းဆိုမှုကို ပယ်ချခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှု အခြေအနေများ ဆိုးရွားနေဆဲဖြစ်သည်။ ယမန်နှစ် အောက်တိုဘာလတွင် အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ခဲ့သည့်တိုင် ပြည်သူများသည် စားနပ်ရိက္ခာပြတ်လပ်မှုကို ဆက်လက်ရင်ဆိုင်နေရသည်။

ဂါဇာဒေသရှိဆေးရုံများ၏ ထက်ဝက်နီးပါးသည် ဆေးဝါးနှင့် လောင်စာဆီမရှိခြင်းကြောင့် လုံလောက်သော ဆေးကုသမှု မပေးနိုင်ကြောင်း ပါလက်စတိုင်းအာဏာပိုင်များက ပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆွစ်ဇာလန်နိုင်ငံ ခရန်စ်-မွန်တာနာမြို့ နှင်းလျှောစီးအပန်းဖြေစခန်း၌ ပေါက်ကွဲမှုဖြစ်ပွား

**ဂျီနီဗာ ဇန်နဝါရီ ၁**

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း ဗာလိုင်စ်ဒေသ ခရန်စ်-မွန်တာနာမြို့ နှင်းလျှောစီးအပန်းဖြေစခန်းရှိ ဘားတစ်ခုတွင် ယနေ့ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူဒါဇင်ပေါင်းများစွာ သေဆုံးပြီး ၁၀၀ နီးပါး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲခန့်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ဥရောပမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ပေါက်ကွဲမှုနှင့် နောက်ဆက်တွဲ မီးလောင်မှုကြောင့် ဒဏ်ရာရသူများကို ဗာလိုင်စ်ကန်တွန်မြို့နှင့် အခြားသောမြို့များရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ရဲချုပ် ဖရီဒီရစ်ဂစ်လာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အာဏာပိုင်များက ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ အဆိုပါပေါက်ကွဲမှုသည် အကြမ်းဖက်တိုက်ခိုက်မှု မဟုတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်က ၎င်း၏ နှစ်သစ်ကူးမိန့်ခွန်းကို ရွှေ့ဆိုင်းခဲ့ပြီး သေဆုံးသူများ၏ မိသားစုများအား ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ခရန်စ်-မွန်တာနာမြို့သည် ဟိုတယ်များ၊ အပန်းဖြေနေအိမ်များနှင့် ဈေးဝယ်စင်တာများ ပါဝင်သော ဇိမ်ခံအပန်းဖြေစခန်းတစ်ခု ဖြစ်ကြောင်း ဆွစ်ဇာလန်ခရီးသွားလုပ်ငန်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# လာအိုနိုင်ငံ၌ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ မြှင့်တင်ဆောင်ရွက်

**ဗီယင်ကျန်း ဇန်နဝါရီ ၁**

လာအိုနိုင်ငံတွင် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံသားများ၏ လူမှုစီးပွား ဘဝများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဆယ်စုနှစ်ခြောက်ခုတွင် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု နှစ် ၆၀ ပြည့် အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီး လန်ခမ် ဒေါင်ဆာဗန်က ပြောကြားသည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြီးခဲ့သည့် ငါးနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ၂ ဒသမ ၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး၏ ၁၉ ရာခိုင်နှုန်းအထိ အကူအညီပေးခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။ နိုင်ငံ၏ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတွင်ရရှိခဲ့သည့် အောင်မြင်မှုများကို ဂုဏ်ပြုကြောင်းနှင့် ၎င်းကဏ္ဍများသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ မြင့်တက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်ခဲ့ကြောင်း ဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုန်းက ပြောသည်။ နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ်တွင် နှစ်သစ်ကူးပွဲတော်ကျင်းပစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွား

**မနီလာ ဇန်နဝါရီ ၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ်ရှိ လူစည်ကားရာဒေသတွင် ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်ယံအချိန်က လက်ပစ်ဗုံးဖြင့်ပစ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံး ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဒေသတွင်းရှိ မတာလန်မြို့ အမျိုးသားအဝေးပြေးလမ်းမတွင် ဒေသခံများ နှစ်သစ်ကူးပွဲတော်ကျင်းပနေချိန်တွင် ဆိုင်ကယ်စီးလာသူနှစ်ဦးအနက် တစ်ဦးက လူအုပ်အတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်ခဲ့ရာ ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ပေးခဲ့သည်။ လက်ရှိအချိန်တွင် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့် သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေ၀က်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေ၀က်ခန့်နှင့် ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေ၀က်ခန့်၊ ဂဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေ၀က်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

■ **ကျောဖုံးမှ**

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံတစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၄၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံ ပျက်စီးစေရန်အတွက် လေအိုး မီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၈၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲ ဂိမ်းကစားနည်း ပြိုင်ပွဲများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးဟိန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဦးသိန်းဝင်းဇော်က “စာပေအကြောင်း သိကောင်းစရာ”ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုပေးအပ်ကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စီနိုင်း၊ ပိုစတာများ၊ သုတရသစာအုပ်စာစောင်များအား ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ခရမ်း ဇန်နဝါရီ ၁**

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)သည် ဦးစီးအရာရှိ(မြို့ပြ)၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ လမ်း/တံတားများအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းလောင်းလှူ

**မုံရွာ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးသုံးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက် ၁၀ ကျောင်းမှ သီလရှင်ဆရာကြီး/ဆရာလေးများအား ဆွမ်းဆန်စိမ်းများ လောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်များမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့်ဝတ္ထုငွေများ လောင်းလှူကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး (၁၁/၂၀၂၅) သို့ တက်ရောက်ကြသည်။



ရှင်းလင်းပြောကြား

အစည်းအဝေးတွင် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းကော်မတီ (၁၀/၂၀၂၅)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေ၊ ခရီးသွားများ သွားလာရေး၊ နေထိုင်ရေး နှင့် ဟိုတယ် / တည်းခိုရိပ်သာများ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်/ တည်းခိုရိပ်သာ လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်ဆည်းပေးရန် လိုအပ်မှုတို့ကို အကြံပြု ဆွေးနွေး တင်ပြကြသည်။

ဆွေးနွေး တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားဝင်းအတွင်း နှစ်သစ်ဦးတရားပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၁**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားဝင်းအတွင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီးအတွင်း သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာ ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတမထေရ်၏ နှစ်သစ်ဦး တရားတော်နှင့် သံဃာတော် အရှင်သူမြတ် ၂၇၉၆ ပါး၊ သီလရှင်ဆရာကြီး/ဆရာလေး အပါး ၃၀၀ တို့အား ဆွမ်းဆန်စိမ်း၊ ထီး၊ သင်္ကန်း၊ ဖိနပ်၊ ဆေးဝါးများနှင့် နဝကမ္မ အလှူတော်ငွေများ လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ရွှေစည်းခုံ ဘုရားကြီးဝင်း ဝေဇယန္တာ ဓမ္မဗိမာန်တော်ကြီးအတွင်း စေတနာရှင်အလှူရှင်များက ထမင်းစတုဒိသာ ခုနစ်ရက်ကျွေးပြီး နှစ်သစ်ဦး တရားတော်ကို သဲဖြူနှင့်မဟာမြိုင်တောရ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပညာဇောတ မထေရ်မြတ်က ဟောကြားတော်မူသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ် ၂၇၉၆ ပါးနှင့် သီလရှင် ဆရာကြီး/ဆရာလေး ၃၀၀ တို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများ၊ ရာသက်ပန်ကုမ္ပဏီ၊ Authentic Company၊ Mother Company၊ မန္တလာမင်း Express နှင့် မတည်အလှူရှင်များ၊ မြန်မာပြည်အရပ်ရပ်မှ ကုသိုလ်ရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို လောင်းလှူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးက ညောင်ဦးမြို့နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၀၀၀ တို့အား ကျောင်းဝတ်စုံ ၃၀၀၀၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# မြစ်သားမြို့နယ် သမိုင်းဝင် ရှင်ပင်စံဗောဓိ စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်နိုင်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**မြစ်သား ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းစိန်ဈေးကျေးရွာအုပ်စုအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် သမိုင်းဝင် ရှင်ပင်စံဗောဓိစေတီတော်မြတ်ကြီးအား မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးတော်မူခဲ့၍ ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရေး ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒိုင်းကျေးရွာ ချမ်းငြိမ်းသာကျောင်း ဆရာတော်ဦးဥတ္တမသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကင်းစိန်ဈေးရှေ့ကျောင်းဆရာတော်ဦးပဏ္ဍိတက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး မိန့်ကြားခဲ့သည်။ ဆက်လက်၍ သံဃာတော်များက မြေသန့်မင်္ဂလာပြုလုပ်ကာ နေ့နံအလိုက် ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အင်းစိန်ခရိုင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အိလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင် ဆုရ ကလေးငယ်များအား ပထမ ၊ ဒုတိယ၊ တတိယ ဆုများ၊ အမြွာပူးဆု၊ သားကောင်းမိခင်ဆုများနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ပုသိမ်တက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁**

ပုသိမ်တက္ကသိုလ် ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပုသိမ်တက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်က အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို ဘာသာရပ်ဌာနများမှ အမျိုးသားအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲ၊



လေးယောက်တွဲပြိုင်ပွဲများဖြင့် ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မေချို**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၁**

မွန်ပြည်နယ် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးသင်တန်းကျောင်း (မော်လမြိုင်)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အဖွဲ့လိုက်ထုပ်ဆီးတိုးပြိုင်ပွဲ(ကျား/မ)၊ ဇွန်းကိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာတိုအပြေးပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၄-၁၁-၂၀၂၅ ရက်နေ့မှအဆက်)

ဗာဟိယသည် သပိတ်၊ သင်္ကန်းရှာရန် လှည့်လည်ထွက်လာလေသည်။ ရှေးဘဝက ရန်ငြိုးဖြစ်ခဲ့ဖူးသော ဘီလူးမသည် နွားမအသွင်ဆောင်၍ ပေါင်ကိုတိုးဝှေ့ကာ ၎င်းအား သတ်လေသည်။ ထို့ကြောင့် ဗာဟိယသည် အသက်ကုန်လေသည်။ ဘုရားရှင်သည် ဆွမ်းခံပြီး ဆွမ်းဘုဉ်းပေး၍ ရဟန်းများနှင့် ထွက်လာသောအခါ အမှိုက်ပုံ၌ ဗာဟိယအလောင်းကို မြင်လေသည်။ ထိုအခါ ဘုရားရှင်က "ရဟန်း အိမ်တစ်အိမ်မှ ညောင်စောင်းငယ်ကိုယူ၍ မြို့ပြင်သို့ သယ်ဆောင်ပြီး မီးသဂြိုဟ်၊ စေတီတည်စေ"ဟု မိန့်တော်မူလေသည်။ ရဟန်းတို့ကလည်း ဘုရားရှင်အမိန့်ရှိသည့်အတိုင်း ဆောင်ရွက်ပြီးကြောင်း ကျောင်းသို့ပြန်၍ လျှောက်ထားကြလေသည်။

ထို့နောက် ဗာဟိယ၏ဂတိကို မေးလျှောက်ကြသော် ဘုရားရှင်က "ဗာဟိယသည် ပရိနိဗ္ဗာန်စံဝင်တော်မူပြီ"ဟု မိန့်ကြားလေသည်။ ရဟန်းတို့က "ဗာဟိယသည် ဘယ်တရားကို နာကြားရ၍ ရဟန္တာဖြစ်ပါသနည်း"ဟု မေးလျှောက်ကြပါသည်။


ဘုရားရှင်က "ငါဘုရား ဆွမ်းခံကြွစဉ် လမ်းမ၌ ရပ်လျက် ဤမည်သောတရားကို ဟောကြားသည်။ ယင်းတရားကို နာကြား၍ ဗာဟိယသည် ရဟန္တာဖြစ်သွားလေသည်။ ဘုရားရှင်က ငါဘုရား၏ တရားကို နည်းသည် များသည်ဟု အတိုအရှည် မမှတ်ယူသင့်။ အကျိုးစီးပွားနှင့်ပတ်သက်သည့် ဂါထာတစ်ပုဒ်တည်းပင် အကျိုးမဲ့သော ဂါထာတစ်ထောင်ထက်သာ၍ မြတ်၏" ဟူ၍ စကားပြေဂါထာနှစ်မျိုးဖြင့် ဟောကြားတော်မူလေသည်။

ဘုရားရှင်သည် နောင်သောအခါ၌ အရိယာသံဃာ ပရိသတ်အလယ်၌ ရဟန်းတို့အား "ဧတဒဂ်" အရာထားရာ၌ ရဟန်းတို့ မဂ်၊ ဖိုလ်အသိဉာဏ်ကို လျင်မြန်ရရှိကြသောအခါ ငါဘုရား၏ တပည့်ရဟန်းတို့တွင် ဗာဟိယသည် အမြတ်ဆုံးဖြစ်၏ဟူ၍ "ခိပ္ပာဘိည ဧတဒဂ်" အရာ၌ ထားတော်မူလေသည်။

**အဒိန္နပုဗ္ဗကမည်သော ပုဏ္ဏားကြီးနှင့်သား မဋ္ဌကုဏ္ဍလီတို့အကြောင်း**

သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗကမည်သော ပုဏ္ဏားကြီးတစ်ဦးရှိသည်။ ၎င်းသည် ချမ်းသာကြွယ်ဝသည်။ သို့သော် သူတစ်ပါးအား မည်သို့မျှ ပေးလှူဒါန်းခြင်း မရှိပါ။ ထို့ကြောင့် ၎င်းအား အဒိန္နပုဗ္ဗကဟု အမည်တွင်သည်။ ၎င်း၌ သားတစ်ယောက်ရှိသည်။ တစ်ဦးတည်းသောသားဖြစ်သည်။ သူ၏သားကို အလွန်ချစ်မြတ်နိုးသည်။

ထို့ကြောင့် သားအား နားတောင်းတန်ဆာကို လက်ခကုန်မည်စိုး၍ ကိုယ်တိုင်လုပ်ကာ ဆင်ပေးထားသည်။ ဤသို့ ပြေပြစ်ပြောင်ချောသည့် နားတောင်းကို ဝတ်ဆင်သောကြောင့် "မဋ္ဌကုဏ္ဍလီ" ဟု ခေါ်လေသည်။ မဋ္ဌကုဏ္ဍလီသည် တစ်နေ့သောအခါ၌ ရောဂါဝေဒနာ စွဲကပ်နေသည်။ ၎င်း၏ဖခင် ပုဏ္ဏားကြီးသည် ဆေးဖိုးကုန်ကျမည်စိုး၍ သာမန်ဆေးတို့ဖြင့် ကုသသည်။ သူ့သားသေတော့မည် သိသောအခါ အိမ်ဦးပြင်ပ၌ ထားလေသည်။



ဘုရားရှင်သည် ယင်းနေ့နံနက်၌ ကျွတ်ထိုက်သောပုဂ္ဂိုလ်ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်သောအခါ ဘုရားထံသို့ ၎င်းသားအဖနှစ်ဦး ရောက်လာ၍ သောတာပန်ဖြစ်လတ္တံ့ဟု မြင်တော်မူသည်။ ဘုရားရှင်သည် မိုးလင်း၍ ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံရန် သာဝတ္ထိပြည်တွင်း ကြွတော်မူသည်။ အိမ်စဉ်အတိုင်း ဆွမ်းခံသည်။ ပုဏ္ဏားသားအဖနှစ်ဦး၏ အိမ်နားသို့ ရောက်လေသည်။ ဘုရားရှင်သည် မကျန်းမာရောဂါဖြစ်နေသည့် မဋ္ဌကုဏ္ဍလီထံသို့ ရောင်ခြည်တော်ကို လွှတ်တော်မူသည်။ မဋ္ဌကုဏ္ဍလီသည် လှည့်ကြည့်ပြီး ဘုရားရှင်အား ဖူးမြော်၍ "ငါသည် မိုက်မဲသောအဘကြောင့် ဘုရားရှင်အား ကိုယ်တိုင်သွားရောက်ဖူးမြော်၍ အလှူပေးခြင်း၊ တရားနာခြင်း မလုပ်နိုင်တော့ပြီ"ဟု နှလုံးသွင်းကာ စိတ်ဖြင့်သာ ကြည်ညိုရရှာသည်။ ဘုရားရှင်သည် ဤမျှပြုဆောင်ပြီးဖြစ်၍ ၎င်းထံမှ ဖယ်ခွာကာ ဆက်လက်ဆွမ်းခံကြွတော်မူလေသည်။

မဋ္ဌကုဏ္ဍလီသည် ဤသို့ဖြင့် မျက်စိတစ်ဆုံးကြည့်၍ ဘုရားရှင်အား ကြည်ညိုနေသည်။ ၎င်းစိတ်ဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်လေသည်။ ၎င်း၏ ဖခင် ပုဏ္ဏားကြီးသည် သားအလောင်းကို မီးသဂြိုဟ်လေသည်။ သူသည် သားကိုချစ်သောကြောင့် နေ့တိုင်း သုသာန်သို့သွား၍ သား၏မြေပုံကို လှည့်ပတ်ကာ ငိုကြွေးနေလေသည်။ ထိုအခါ၌ မဋ္ဌကုဏ္ဍလီသည် လုလင်အသွင်ဖြင့်လာ၍ သုသာန်အနီး၌ ငိုကြွေးပြလေသည်။

ပုဏ္ဏားကြီးသည် ဤသို့ငိုကြွေးသည့် သားကို မြင်လေသော် အဘယ်ကြောင့် ငိုကြွေးပါသနည်း မေးလေသည်။ လုလင်ကလည်း ငါ့မှာ ရွှေရထားတစ်စင်းရှိ၏။ ယင်းရထားနှင့် သင့်တော်သည့် လှည်းဘီးအစုံအဖြစ်ရလို၍ "နေနှင့်လ" ကို တောင့်တ၍ ငိုကြွေးရပါ၏ဟု ဆိုလေသည်။ ထိုအခါ ပုဏ္ဏားကြီးက "သင်သည် မရနိုင်သော နေနှင့်လကို တောင့်တသည်။ သင်သည် အလွန်မိုက်မဲပါဘိ" ဟု ဆိုလေသည်။ ထိုလုလင်ကလည်း ပုဏ္ဏားကြီးအား "မြင်ရသော ရုပ်ဝတ္ထုရှိသည့် နေလကို တောင့်တသောသူနှင့် တမလွန်ဘဝသို့ ပြောင်းသွား၍ မမြင်ရသောသူကို တောင့်တသူတို့တွင် မည်သူက ပို၍ မိုက်မဲသနည်း"ဟု ဆိုလေသည်။

ထိုအခါ၌ ပုဏ္ဏားကြီး စဉ်းစားမိသောအခါ "ငါသည် သင့်ထက် မိုက်မဲပါ၏"ဟု ဆို၍ သောကကင်း၍ လုလင်အား ချီးမွမ်းပြောဆိုလေသည်။ ယင်းအချိန်ကျမှ မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်သားအသွင်ပြောင်း၍ ကောင်းကင်မှ "ငါသည် သင်၏သားဖြစ်၏။ ဘုရားရှင်အား ကြည်ညိုသော စိတ်ဖြင့် သေလွန်သောကြောင့် နတ်ပြည်၌ နတ်သားဖြစ်၏။ သင်သည် ဘုရားရှင်အား ပင့်ဖိတ်၍ အလှူကြီးပေးလော့"ဟု ဆုံးမ၍ ပျောက်ကွယ်သွားလေသည်။

ပုဏ္ဏားကြီးသည် သားနတ်သား ပြောကြားချက်ဖြင့် နောက်နေ့နံနက်တွင် ဘုရားအမှူးပြု၍ သံဃာရဟန်းတော်များအား ပင့်ဖိတ်ကာ မိမိအိမ်တွင် ဆွမ်းကပ်လေသည်။ လူအပေါင်းတို့ကလည်း ဘုရားရှင်အား လာရောက်ဖူးမြော်ကြလေသည်။ ပုဏ္ဏားကြီးသည် ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသော် "အရှင်မြတ်ဘုရား ဘုရားအစရှိသောသူတို့အား မပေးမလှူ မပူဇော်ဘဲ တရားမနာဘဲ သက်သက်စိတ်ဖြင့်သာ ကြည်ညိုရုံမျှနှင့် နတ်ပြည်၌ ဖြစ်ကြသူများရှိပါသလော"ဟု မေးလျှောက်လေသည်။ ဘုရားရှင်က ပုဏ္ဏားကြီးအား "သင်ပုဏ္ဏား သင့်အား မဋ္ဌကုဏ္ဍလီသားက သုသာန်၌ ငိုကြွေးနေသော သင့်ထံလာ၍ သူ့အကြောင်းအရာအားလုံးကို ပြောပြီးပြီမဟုတ်လော။ သင်ပုဏ္ဏား ငါ ဘုရားရှင်အပေါ် စိတ်ဖြင့်ကြည်ညို၍ နတ်ပြည်၌ ဖြစ်ကြသည်မှာ မရေမတွက်နိုင်အောင် များပြားလှပါဘိ၏" မိန့်တော်မူလေသည်။ ထို့နောက် ဘုရားရှင်သည် "မဋ္ဌကုဏ္ဍလီနတ်သား ဗိမာန်နှင့်တကွ လာစေသတည်း"ဟု အဓိဋ္ဌာန်ပြုလေသည်။ ထိုအခါ နတ်သားသည် ဗိမာန်နှင့်တကွ ချက်ချင်း ရောက်လာလေသည်။ ဗိမာန်မှဆင်း၍ ၎င်းနတ်သားသည် ဘုရားရှင်အား ရှိခိုးကန်တော့လေသည်။ ဘုရားရှင်က နတ်သားအား မေးတော်မူသဖြင့် နတ်သားက "မြတ်စွာဘုရား ရှင်တော်ဘုရားအပေါ် ကြည်ညိုစိတ်ထား၍ သေလွန်သောကြောင့် နတ်ပြည်၌ ဖြစ်သည်မှာ မှန်ပါ၏"ဟု လျှောက်ထားလေသည်။

ဘုရားရှင်က **"အသင်ပုဏ္ဏား ကုသိုလ်ကံ၊ အကုသိုလ်ကံပြုခြင်း၌ စိတ်သာလျှင် ရှေ့မှသွားခြင်းဖြစ်သည်။ စိတ်သည်သာလျှင် အဓိက ပဓာနဖြစ်၍ မြတ်၏။ ကြည်လင်သောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကံသည် လူ့ပြည်၊ နတ်ပြည်သို့ သွားသောသူကို အရိပ်ကဲ့သို့ ထက်ကြပ်မကွာ တစ်ပါတည်း လိုက်ပေသည်"ဟု မိန့်တော်မူသည်။ ဆက်၍ ဘုရားရှင်က "နာမ်တရားတို့ကား စိတ်သာလျှင် ဦးဆောင်မှုရှိကုန်သည်။ စိတ်သာလျှင် အကြီးအမှူးဖြစ်သည်။ စိတ်စီရင်သည့်အတိုင်း ဖြစ်ကုန်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်သည် ကြည်ညိုသော ကောင်းမြတ်သောစိတ်ဖြင့် ပြောဆိုမှုပြုလျှင် အရိပ်သည် အရိပ်ရှင်နောက်သို့ အစဉ်ထာဝရ လိုက်သကဲ့သို့ ချမ်းသာသုခသည် ထိုသူနောက်သို့ ထက်ကြပ်မကွာ အစဉ်လိုက်သည်"**ဟူ၍ ဟောတော်မူသည်။ ဤတရားတော်ကို နာကြားပြီးသောအခါ ပုဏ္ဏားကြီးနှင့် သူ့သား (သားအဖ) နှစ်ဦးစလုံး သောတာပန်ဖြစ်ကြလေသည်။

**အမျိုးသမီးနှစ်ဦး၏ အတုံ့အလှည့်ရန်ငြိုး**

ရှေးအခါ၌ သူကြွယ်တစ်ဦး၏မိန်းမ (ဇနီး) သည် အမြုံဖြစ်သည်။ ၎င်းသည် သူ့အား အမျိုးပြတ်စေသည့်မိန်းမစွပ်စွဲ၍ စွန့်ပစ်ခံရမည်ကို စိုးရိမ်သည်။ ထို့ကြောင့် သူသည် သူ့အလိုသို့လိုက်မည့် ကလေးရမည့် မိန်းမငယ်တစ်ဦးကို ရှာဖွေလေသည်။ ထိုသို့ရှာဖွေရသော အမျိုးသမီးငယ်အား သူ့ခင်ပွန်းအား ပေးထားလေသည်။ ၎င်းအမျိုးသမီးသည် သူရှာဖွေထားသည့်မိန်းမနှင့် ကလေးရလာလျှင် သူ့ခင်ပွန်းပိုင်သော ဥစ္စာအားလုံးကို ပိုင်ဆိုင်သွားပေမည်ဟု အကြံဖြစ်လာ၍ သူခေါ်ထားသည့် မိန်းကလေးအား ကိုယ်ဝန်ရှိသော် သူ့အားပြောရန် မှာထားလေသည်။

ထိုသို့ ပြောထားခြင်းကြောင့် မိန်းမငယ်သည် ဤမည်သောမိန်းမအား ကိုယ်ဝန်ရလာသောအခါ ပြောသည်။ ထိုအခါ ၎င်းအမျိုးသမီးသည် ကိုယ်ဝန်ပျက်ဆေးကို ယာဂုတို့ဖြင့် ရော၍ ကိုယ်ဝန်ရှိသော မိန်းကလေးအား တိုက်ကျွေးသည်။ ထိုသို့အားဖြင့် ယင်းအမျိုးသမီးငယ်သည် ကိုယ်ဝန်ပျက်စီးသွားလေသည်။ ဤသို့လုပ်လာသည်။ တတိယအကြိမ်မြောက် ကိုယ်ဝန်ရလာသောအခါ အမျိုးသမီးငယ်သည် ထိုအမြုံမကို မပြောဘဲနေလေသည်။

ထိုအမျိုးသမီးငယ်၏ ကိုယ်ဝန်သည် တဖြည်းဖြည်းရင့်မာ၍ ပေါ်လာသည်။ ထိုအမျိုးသမီး အမြုံမ သိသည်ရှိသော် ၎င်း မိန်းကလေးငယ် သတိမေ့လျော့နေခိုက် ကိုယ်ဝန်ပျက်ဆေးကို တိုက်လေသည်။ သို့သော် ကိုယ်ဝန်သည် ရင့်သည်ဖြစ်၍ ကိုယ်ဝန်မပျက် ကလေးသည် ဗိုက်၌ကန့်လန့်ဖြစ်၍ ဝေဒနာပြင်းထန်စွာ ခံစားရလေသည်။ ထို့နောက် ထိုအမျိုးသမီးရော ကလေးပါ ဆုံးသွားလေသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဘုရားရှင်က "အသင်ပုဏ္ဏား ကုသိုလ်ကံ၊ အကုသိုလ်ကံပြုခြင်း၌ စိတ်သာလျှင် ရှေ့မှသွားခြင်းဖြစ်သည်။ စိတ်သည်သာလျှင် အဓိက ပဓာနဖြစ်၍ မြတ်၏။ ကြည်လင်သောစိတ်ဖြင့် ပြုအပ်သော ကောင်းမှုကံသည် လူ့ပြည်၊ နတ်ပြည်သို့သွားသောသူကို အရိပ်ကဲ့သို့ ထက်ကြပ်မကွာ တစ်ပါတည်းလိုက်ပေသည်"ဟု မိန့်တော်မူ**

## မနောမြေမှ တေးသံသာ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင်ရောက်ရှိမည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင်ရောက်ရှိမည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "မနောမြေမှ တေးသံသာ" တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ကချင်တိုင်းရင်းသားတို့၏ Northern Star Music Bang ၏တီးခတ်မှုနှင့်အတူ နာမည်ရ ကချင်တိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် ဆိုင်းခွန်၊ မရန်ဆိုင်းဒူ၊ ချမ်းထိုင်၊ လူစီယာနှင့် ဆိုင်းနူးအောင်တို့က ကချင်ပြည်နယ်၏ သာယာလှပမှု၊ ကချင်လူမျိုးတို့၏ ရိုးရာဓလေ့၊ ဖြူစင်ရိုးသားမှုနှင့် ရင်းနှီးခင်မင်မှုများကို ဖော်ညွှန်းဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"မနောမြေမှ တေးသံသာ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram မှတို့လည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ဇန်နဝါရီ ၃ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာ အမှတ်(၃) မူလတန်းကြိုကျောင်းနှင့် ရွှေပြည်သာ အမှတ် (၁) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV - HD Channel တွင် ဇန်နဝါရီ ၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

၃-၁-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၁) တွင် မိမိ၏ပျော်ရွှင်မှုအတွက် သူတစ်ပါးကို ထိခိုက်နစ်နာအောင် ပြုလုပ်မိခြင်းမှ ရှောင်ရှားရမည်ဖြစ်ကြောင်း သရုပ်ဖော်ထားသည့်"ရွှေပိုးနှင့် သူငယ်ချင်းများ" မျက်နှာဖုံးကာတွန်း၊ ဂိမ်းစွဲလမ်းခြင်းကြောင့် ခံစားရနိုင်သည့် ဆိုးကျိုးများအကြောင်း ရေးသားထားသည့် "ကလေးနဲ့ဂိမ်းစွဲခြင်းပြဿနာ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ အလွန်ခင်မင်ကြသော သူငယ်ချင်းသုံးဦးတို့သည် မတော်လောဘစိတ်ကြောင့် အသက်ဘေးဖြင့် တွေ့ကြုံရပုံအကြောင်း သရုပ်ဖော်ထားသည့် "လောဘစိတ်" နှစ်မျက်နှာကာတွန်း၊ ငှက်အစာကျွေးရသည်ကို အလွန်နှစ်သက်ကြသော ဖိုးစုနှင့် မူမူအကြောင်း ဖတ်ရှုရမည့် "ငှက်ကလေးတွေလာတဲ့အိမ်" ဝတ္ထုကဏ္ဍ၊ ဆရာဖြစ်သူ ညိုချောနှင့် တပည့်ဖြစ်သူ လင်းသုတတို့အကြောင်း သရုပ်ဖော်ထားသည့် "ညိုချောနှင့် လင်းသုတ" တစ်မျက်နှာဟာသကာတွန်း၊ မြန်မာတို့၏ လွတ်လပ်ရေးနေ့အကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ "လွတ်လပ်ရေးကို ထိန်းသိမ်းစို့" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင်လျှင်ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်သည့် သက်တံ့ရောင်စီမံကိန်းသုံးသပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဦးစီးမှူးက သက်တံ့ရောင်စီမံကိန်းသုံးသပ်ပွဲနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မြို့နယ်များ၊ ကျေးရွာရှိ သမဝါယမအသင်းများနှင့် တိုင်းရုံးမှအရာရှိများ တက်ရောက်ခဲ့ကြပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြို့နယ် ခြောက်မြို့နယ်မှ အသင်းခြောက်သင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖူဆယ်ဖလားနှင့် အားကစားပြိုင်ပွဲများဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၉၄)ရပ်ကွက် ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၉၄)ရပ်ကွက် အိမ်ရာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇင်က ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီး လူငယ်အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် Shwe Lucky FC အသင်းနှင့် DGSKN FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဖူဆယ်အလွတ်တန်းအတွက် အသင်း ၁၆ သင်း၊ ၁၂ နှစ်အောက် ဖူဆယ် ခြောက်သင်း၊ ထုပ်ဆီးတိုးအသင်း ငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

❖ **ကျောက်ဆည်မှ**

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး သင်တောင်းကျေးရွာအနီးတွင်တည်ရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများတွင် ပို၍စည်ကားကြောင်း၊ ဘုရားဖူးပြည်သူများအနေဖြင့် အေးချမ်းစွာဘုရားဖူးကြပြီး အမှတ်တရာပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများသို့လှည့်လည်ပြီး ဈေးဝယ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်းနှင့် ဂေါပကအဖွဲ့ကလည်း ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားကြောင်း ဆုတောင်းပြည့်ရွှေသိမ်တော်ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင် ဦးချစ်ညွန့်က ပြောပြသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရှင်အရဟံရဟန္တာကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း၊ သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြားစည်ကားလာကြောင်း၊ မဟာရွှေသိမ်တော်ဘုရားကြီးသို့ ပြည်သူများလာရောက်ဖူးမြော်လိုပါက အဆိုပါဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းအနီး သင်တောင်းကြီးကျေးရွာတွင် တည်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၈၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၇၀၄၈၆၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဋ - ၁၀၇၇၀၂ ဆ - ၇၆၅၀၁၈

ကံထူးရှင်(၂)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ခ - ၂၄၄၈၁၈ ဃ - ၅၀၁၁၁၅

ကံထူးရှင်(၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ဋ - | ၁၄၅၈၅၈ | ဂ - | ၆၀၃၁၈၇ |
| င - | ၃၆၆၄၆၈ | ဠ - | ၈၃၃၉၆၀ |
| ဋ - | ၅၇၃၉၇၀ | ဈ - | ၈၆၂၆၉၇ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - | ၁၉၅၄၂၅ | ည - | ၆၄၀၈၅၂ | စ - | ၈၈၁၄၈၅ |
| က - | ၂၉၇၂၈၃ | ဂ - | ၈၀၁၇၂၇ | ည - | ၈၉၀၆၂၄ |
| ဂ - | ၅၀၉၇၉၆ | စ - | ၈၄၉၂၄၂ | ဓ - | ၉၁၇၃၅၂ |
| ဓ - | ၅၅၄၆၉၄ | ဠ - | ၈၅၅၂၆၁ | ဆ - | ၉၅၈၈၂၂ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဓ - | ၁၆၄၉၃၅ | ဋ - | ၃၆၄၅၈၄ | ခ - | ၈၀၃၀၈၉ |
| ဆ - | ၁၇၈၀၈၁ | ဠ - | ၄၀၅၀၇၁ | ဆ - | ၈၅၃၇၄၂ |
| က - | ၂၀၇၆၄၂ | ဆ - | ၆၃၁၀၂၃ | ဠ - | ၈၈၈၃၂၅ |
| ဆ - | ၂၉၆၀၆၃ | ည - | ၆၇၉၄၉၂ | က - | ၈၉၅၃၃၅ |
| ဈ - | ၃၃၀၇၁၉ | | | | |

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ဃ - | ၁၁၈၈၀၆ | ဠ - | ၆၉၁၅၂၄ |
| ဋ - | ၂၁၈၆၅၅ | ဆ - | ၇၈၀၇၆၆ |
| ဠ - | ၂၁၈၇၅၉ | ခ - | ၈၁၁၄၉၅ |
| စ - | ၃၈၂၅၆၃ | ဓ - | ၈၂၄၆၅၇ |
| င - | ၄၃၅၇၂၂ | ဃ - | ၉၂၂၇၆၅ |
| င - | ၄၇၃၇၀၉ | ည - | ၉၇၂၃၉၁ |
| ဆ - | ၅၂၅၄၉၀ | ည - | ၉၈၈၇၀၄ |
| က - | ၆၅၁၄၈၇ | | |

ကံထူးရှင်(၁၅)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| က - | ၁၆၆၈၇၃ | စ - | ၅၅၄၀၆၂ | ဓ - | ၆၈၈၅၂၀ |
| ဠ - | ၃၁၄၄၈၇ | ဈ - | ၅၅၇၉၇၀ | က - | ၇၇၅၀၉၅ |
| ည - | ၃၂၆၂၅၇ | က - | ၅၇၄၉၂၁ | ဈ - | ၈၆၄၂၇၉ |
| ဓ - | ၃၉၁၄၀၀ | ဈ - | ၆၁၃၅၄၅ | ဈ - | ၉၄၅၉၄၇ |
| စ - | ၄၀၁၄၁၄ | ဃ - | ၆၃၃၇၇၉ | ခ - | ၉၅၂၇၃၇ |
| က - | ၄၂၈၁၁၆ | ဠ - | ၆၅၃၃၀၃ | က - | ၉၇၄၅၃၀ |
| စ - | ၄၅၀၃၆၈ | | | | |

ကံထူးရှင်(၁၉)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဋ - | ၁၃၄၇၅၄ | ဠ - | ၆၈၆၆၂၄ |
| င - | ၂၇၄၉၃၃ | က - | ၇၁၄၉၆၆ |
| င - | ၃၁၉၀၃၉ | က - | ၇၅၄၈၆၅ |
| ဠ - | ၃၄၀၈၇၆ | က - | ၈၄၀၅၆၉ |
| က - | ၄၁၈၈၅၃ | ဋ - | ၈၆၈၂၂၃ |
| ည - | ၅၂၂၆၄၇ | ဠ - | ၈၇၃၆၈၇ |
| ည - | ၅၂၅၀၄၄ | ည - | ၈၁၁၈၁၄ |
| င - | ၅၆၃၆၅၁ | စ - | ၉၃၈၃၁၀ |
| ဋ - | ၆၂၆၄၂၃ | က - | ၉၅၉၆၆၄ |
| ဃ - | ၆၃၀၈၉၀ | င - | ၉၆၅၃၈၂ |
| ဃ - | ၆၄၄၉၈၆ | | |

ကံထူးရှင်(၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ခ - ၄၂၀၈၀

ည - ၅၄၀၄၂

ဠ - ၈၈၇၃၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်

| | | | |
|---|---|---|---|
| စ - | ၁၆၁၂ | ဆ - | ၆၀၂၅ |
| က - | ၃၈၂၁ | ဓ - | ၈၄၃၆ |
| က - | ၄၂၆၃ | ဃ - | ၈၄၇၁ |
| ဈ - | ၅၀၆၅ | ဆ - | ၉၃၄၈ |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

| | | | | | |
|---|---|---|---|---|---|
| စ - | ၃၀၃ | ဈ - | ၄၂၀ | ဂ - | ၉၀၂ |
| ဓ - | ၃၃၈ | ခ - | ၅၅၄ | ဋ - | ၉၆၉ |
| ခ - | ၃၉၃ | ည - | ၅၆၉ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၈၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဋ - ၃၀ င - ၇၆ ဆ - ၈၁ ဃ - ၈၄ င - ၈၉ ဋ - ၈၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဠ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ခ - | ၁၆၇၇၆၇ | ဆ - | ၆၀၃၉၅၃ |
| ဠ - | ၅၅၄၇၁၅ | ဋ - | ၉၁၁၃၂၇ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

စ - ၄၀၃၄၆ ဂ - ၉၂၈၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဂ - ၂၀၅၆ ဓ - ၃၈၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

စ - ၇၄၆ ဠ - ၈၀၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၁၁၄၅ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၁၁၄၅ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဍ) အက္ခရာထိ အက္ခရာ (၁၃)လုံး ဖြစ်ပါသည်။

၃။ (၈၂)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၅ - ၁ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၃- ၁- ၂၀၂၆ ) ရက်နေ့မှစတင်၍လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ ရွှေဂန္ဓမာ (၅)လမ်းနှင့် ရွှေနှင်းဆီလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၃၊ မြေကွက်အမှတ် (၁၆၀၈)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ၊ ဧရိယာ(၀. ၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြတ်သူဇာ [၁၂/မဂတ(နိုင်) ၀၉၃၅၉၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေမျိုးထွန်း+၁ [၁၂/တမန (နိုင်)၁၀၃၉၂၃]တို့က ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မို့မို့လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၂)**
**အမှတ်- ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၃၅၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ပိတောက်လမ်းနှင့်သုခဝတီလမ်းထောင့်၊ အကွက်အမှတ်(၂၇)/ကျိုက်ဖောခိတောင်၊ ဦးပိုင်အမှတ် (၃/က)၊ အကျယ်အဝန်း(၁.၁၉၂) ကေရှိ ဂျေအက်(စ်)အင်ဒရူးအမည်ဖြင့် လ/န-၃၉ ရပြီး မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား သန်လျင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၃၆/၁၉၉၂) ဖြင့် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသည့် ယခုရောင်းချသူ ဦးခင်မောင်လွင် [၁၂/သလန (နိုင်) ၀၃၁၅၄] (ISN-၅၃၂၈၁၆) မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း- ၀၉- ၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

